# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့။ Monday, 13 February 2023 ၁၁၀၁၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ညနေ ၆ နာရီတွင် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ရောက်ရှိကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ဇနီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

### ရုပဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် ရူပဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။


**ယနေ့ ဖတ်စရာ**

**ဖွံ့ဖြိုးရှင်သန်လှပ မဲနယ်တောင်တန်းဒေသ (၂)**
ဆောင်းပါး
စာမျက်နှာ » ၆

**(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း(BE.FALLS)တွင် Sky Cable Car စတင်ပြေးဆွဲ**
စာမျက်နှာ » ၈

ကြေးမုံ

# အနာဂတ်မျိုးဆက်များအတွက် စေတနာကောင်းထား

"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကိုတည်ဆောက်ရာတွင် နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး၏ အသိဉာဏ်ပညာနှင့် စိတ်ရင်းစေတနာမှန်ကန်မှုသည် အဓိကကျပါသည်။ မိမိတို့အကျိုးစီးပွားထက် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွားကို ချိန်ထိုးစဉ်းစားလုပ်ဆောင်ကြရန်လိုအပ်ပါသည်။ မိမိတို့၏ ရပ်တည်ဆောင်ရွက်မှုများအပေါ် ဓမ္မဓိဋ္ဌာန်ကျကျဖြင့် အမှားအမှန်၊ အကောင်းအဆိုးကို ခွဲခြားဆင်ခြင် ဆောင်ရွက်ကြမှသာ နိုင်ငံနှင့် ပြည်သူကို အကျိုးပြုရာရောက်မည်ဖြစ်ပါသည်။" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာပါ အထက်ပါမှာကြားချက်သည် နိုင်ငံသူနိုင်ငံသားများ အလေးထားရမည့်အချက်ဖြစ်သည်။

မျက်မှောက်ကာလ မြန်မာနိုင်ငံ၏ အခြေအနေကိုသုံးသပ်ကြည့်လျှင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်အကျိုး၊ အများပြည်သူအကျိုးတို့ကို ရှေးရှုကြိုးပမ်းဆောင်ရွက်နေချိန်တွင် အချို့လူပုဂ္ဂိုလ် အဖွဲ့အစည်းတို့အနေဖြင့် ကိုယ်ကျိုးစီးပွားနှင့် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ စိတ်ဆန္ဒစွဲတို့ကို ဦးစားပေးပြီး ဆောင်ရွက်မှုများကြောင့် ပြဿနာများ၊ ပဋိပက္ခများဖြစ်ပေါ်ပြီး နိုင်ငံနှင့် လူမျိုးအနာဂတ်အတွက် အနုတ်လက္ခဏာဆောင်နေမှုများရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်ထောင်စုကြီး အနာဂတ်တိုးတက်ရေးကို လျစ်လျူရှု၍ ပျက်စီးယိုယွင်းအောင် လုပ်ဆောင်နေမှုများရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ အပြုသဘောဆောင် ကောင်းကျိုးဖြစ်ထွန်းရေးကို ဦးတည်ဆောင်ရွက်ခြင်းမရှိဘဲ ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်မှုများရှိနေသည်။

မြန်မာနိုင်ငံ၏သမိုင်းတွင် လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲအမျိုးမျိုးတို့ကြောင့် တိုင်းရင်းသားအချင်းချင်း၊ ပြည်သူအချင်းချင်း စိတ်ဝမ်းကွဲပြားကာ ပဋိပက္ခများဖြစ်ပွားခဲ့မှုများသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် သင်ခန်းစာယူရမည့်အချက်ဖြစ်သည်။ မိမိတို့၏ အယူအဆ၊ သဘောထားဆန္ဒများနှင့် မကိုက်ညီသူများကို ရန်သူကဲ့သို့သဘောထားပြီး ခွဲခြားဆက်ဆံခြင်း၊ ဖယ်ကြဉ်ခြင်း၊ ရန်ပြုတိုက်ခိုက်ခြင်းတို့သည် ဒီမိုကရေစီစနစ်နှင့် မလျော်ညီသည့် လုပ်ဆောင်မှုများဖြစ်သည်။ ထို့အတူ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲစိတ်ဓာတ်များသည် စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး နိုင်ငံတော်ပြိုကွဲပျက်စီးစေမည့် အန္တရာယ်များကို ဖြစ်စေနိုင်သဖြင့် မတူကွဲပြားမှုများနှင့် သဟဇာတဖြစ်အောင် နေထိုင်လုပ်ကိုင်သွားရန်လိုအပ်သည်။ ဤသည်မှာ ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည်။

မိမိတို့ဆောင်ရွက်ချက်များသည် နိုင်ငံတော်နှင့် မိမိတို့မျိုးဆက် လူငယ်လူရွယ်များအတွက် ဆိုးမွေများမထားရစ်ဘဲ ကောင်းသောအမွေအနှစ်များ ထားရစ်ခဲ့ဖို့လိုအပ်ပါသည်။ မျက်မှောက်ကာလတွင် အကြောင်းအမျိုးမျိုးရှိခဲ့သော်လည်း ယင်းတို့ကိုဆင်ခြင်၍ နောင်မျိုးဆက်အတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိတို့က ကောင်းသောအမွေများမထားခဲ့လျှင် မိမိတို့၏မျိုးဆက်များအနာဂတ်ကို မည်သို့လျှောက်လှမ်းကြမည်ကို ဆင်ခြင်ကြည့်နိုင်ပေသည်။ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အနာဂတ်ကို လက်ဆင့်ကမ်းပြောင်းလဲတာဝန်ယူကြမည့် လူငယ်လူရွယ်များအား အတွေးအခေါ်အယူအဆ မှန်ကန်စေရေး၊ အသိပညာဗဟုသုတများ ဖြန့်ဝေပေးရေး၊ နိုင်ငံကိုချစ်သည့်စိတ်နှင့် ပြည်ထောင်စုစိတ်၊ တိုးတက်လိုသည့်စိတ်များ ရှင်သန်ရေးတို့ကို ဖန်တီးဖော်ဆောင်ပေးရန်လိုအပ်ပါသည်။ မိမိတို့၏ သားသမီးများ၊ လူငယ်လူရွယ်များ ဗလငါးတန်ပြည့်ဝသည့် သားကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါသည်။

လက်ရှိကာလတွင် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးတို့ကို အကြောင်းပြ၍ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထု၏ အကျိုးစီးပွားကို ပျက်စီးဆုံးရှုံးစေလိုကြသည့် ပြည်တွင်း/ပြည်ပ အဖျက်အမှောင့်သမားများနှင့် အကြမ်းဖက်သမားများက သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်လျက်ရှိသကဲ့သို့ အဖျက်လုပ်ရပ်များအား မကြာခဏပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်သူလူထုကြားတွင် အတွေးမှား၊ အမြင်မှားများဖြစ်လာအောင် သတင်းမှားထုတ်လွှင့်မှုများ၊ သွေးဆောင်စည်းရုံးမှုများ ပြုလုပ်နေကြသည်ကိုတွေ့ရသည်။ ထို့အပြင် နိုင်ငံအတွင်း စည်းလုံးညီညွတ်မှုပျက်ပြားစေရန်နှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် နည်းလမ်းမျိုးစုံပြုလုပ်နေကြသည့် ပြည်ပစွက်ဖက်မှုများနှင့် အတ္တအကျိုးစီးပွားကိုသာ ရှေးရှုလုပ်ဆောင်နေမှုများကြောင့် နိုင်ငံအနာဂတ်အတွက် ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်များကို ဆင်ခြင်တုံတရားဖြင့် သတိပြုမိကြရန်လိုအပ်ပါသည်။

သို့ဖြစ်ရာ လက်ရှိကာလတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အားလုံးလက်တွဲ၍ နိုးကြားစွာဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံအနာဂတ်ကို လက်ဆင့်ကမ်း တာဝန်ယူကြမည့်မျိုးဆက်များ အသိအမြင်အတွေးအခေါ်များ တော်တည့်ဖြောင့်မှန်ပြီး ဗလငါးတန်နှင့်ပြည့်စုံသော သားကောင်းရတနာများဖြစ်စေရေး စေတနာကောင်းများထားရှိကြပြီး အဖျက်အမှောင့် အနှောင့်အယှက် အန္တရာယ်အမျိုးမျိုးတို့ကို ဖယ်ရှားကြရမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။



**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အောင်စည်သာကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ချမ်းမြေ့ဇေယျာကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇေယျာဝတီ ပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မဟာမြိုင်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်ရှိ သာယာကုန်းပရိယတ္တိစာသင်တိုက်၊ ရန်ကင်းမြို့နယ်ရှိအောင်သုခဗိမာန်ကျောင်းတိုက်နှင့် မြောက်ဥက္ကလာပမြို့နယ်ရှိ အနန်းပင်တောရပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ နိဗ္ဗန္ဒကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ မိုးကုတ်ရိပ်သာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ငွေတောင်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဥသျှစ်ကုန်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ အောင်ပင်လယ်ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရက္ခဝတီတောရ ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကာနကျေးရွာ ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

မိုင်းဆတ် ဖေဖော်ဝါရီ ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် မယ်နင်ကျေးရွာအုပ်စု ကာနကျေးရွာ၌ ကျေးရွာကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာလမ်းမုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းဆတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအားလွန်နှင့် မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်တိုးတို့က အမှာစကားပြောကြားခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မိုင်းဆတ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းဦးက ကာနကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ခရိုင်ဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက ကျေးရွာကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းအားဖြတ်သန်းကြည့်ရှုစစ်ဆေးကြကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်းမှတ်တမ်းလွှာများ ပေးအပ်ကြသည်။



**အကောင်အထည်ဖော်ဆောင်ရွက်**

အဆိုပါကွန်ကရစ်လမ်းမှာ အရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မရှိပြီး Cash for Work စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာသူ ကျေးရွာသားများ၏ လုပ်အားများ၊ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ပူးပေါင်းပြီး ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**၂၂၂**

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** – ဦးစိုးစိုးနိုင် | | **အကြီးတန်း သတင်းထောက်များ** | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** – ဦးဝင်းနိုင် | | **အငယ်တန်း သတင်းထောက်များ** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** – ဦးနိုင်လင်းကြည်၊ | | **စာပြင်** | – ဒေါ်မြသီတာနှင့်အဖွဲ့ |
| **စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကဖွဲ့များ၏ တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

❂ **ရှေ့ဖုံးမှ**

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီး တို့သည် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**ဂုဏ်ပြုညစာသုံးဆောင်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့မှ တေးသံရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုမှု၊ Drone များဖြင့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုစာတန်း၊ တိုင်းရင်းသားလူမျိုးများနှင့် ဒေသအထိမ်းအမှတ် သရုပ်ဖော်ပြကွက်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုပ်ပုံနှင့် ပြည်ထောင်စုလေ့ သရုပ်ဖော်ပုံတို့ကို ပုံဖော်သရုပ်ပြ လွှတ်တင်မှုများကို ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မြို့တော်ခန်းမ လေဟာပြင်ဇာတ်ရုံ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကဖွဲ့များ၏ တိုင်းရင်းသားရိုးရာ အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၄ သို့ »»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

»»» **စာမျက်နှာ ၃ မှ**

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက **ပြည်ထောင်စု တေးကဗျာ မော်ကွန်းလွှာ** ကဇာတ်ဖြင့် လည်းကောင်း၊ **ခြေလှမ်းသစ်များနဲ့**ဟူသည့် တေးသီချင်းအား ကချင် တိုင်းရင်းသားရိုးရာအက အဖွဲ့ကလည်းကောင်း၊ **ချစ်ကြည်ရေးအက** တေးသီချင်းအား ကယားတိုင်းရင်းသားရိုးရာအကအဖွဲ့ကလည်းကောင်း၊ **နိုင်ငံသစ်ဆီ တို့လှမ်းချီ** တေးသီချင်းအား ကရင်တိုင်းရင်းသားရိုးရာ အကအဖွဲ့ကလည်းကောင်း၊ **ကောက်ရိတ်သိမ်းပွဲတော်** တေးသီချင်းအား ချင်းတိုင်းရင်းသား ရိုးရာအကအဖွဲ့ကလည်းကောင်း၊ **တို့ရဲ့ ပြည်ထောင်စုနေ့** တေးသီချင်းအား မန္တလေးတိုင်းဒေသကြီး ဗမာတိုင်းရင်းသားရိုးရာအကအဖွဲ့ကလည်းကောင်း၊ **မွန်တို့အားမာန်** တေးသီချင်းအား မွန်တိုင်းရင်းသားရိုးရာအက အဖွဲ့ကလည်းကောင်း၊ **အဇိနိ ဇိတ်ကေ** ယိမ်းသီချင်းအား ရခိုင်တိုင်းရင်းသား ရိုးရာအက အဖွဲ့ကလည်းကောင်း၊ **ကမ္ဘောဇအလှ** တေးသီချင်းအား ရှမ်းတိုင်းရင်းသားရိုးရာအက အဖွဲ့ကလည်းကောင်း၊ **ညီနောင်ထုရဲ့ ပြည်ထောင်စု** တေးသီချင်းအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

**ဂုဏ်ပြုပန်းခြင်းပေးအပ်**

ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေး အဖွဲ့ဝင်များ၊ အငြိမ်းစား တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီးများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ်။



(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

❖ ကျောဖုံးမှ

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး၊ ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး၊ အမျိုးသားရေးလုပ်ငန်းစဉ်(၂) ရပ်အောင်မြင်စေရေး၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး ဟူသည့် အမျိုးသားရေးဦးတည်ချက်(၅)ရပ်ဖြင့် အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

ဦးစွာ (၇၆)နှစ်မြောက်ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို နံနက် ၅ နာရီခွဲတွင် ကျင်းပရာ တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ အလံတင်တပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို လွှင့်တင်သည်။

ယင်းနောက် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားသို့ တက်ရောက်အလေးပြုကြမည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများသည် နံနက် ၅ နာရီမှစတင်၍ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက ပြည်ထောင်စုနေ့အခမ်းအနားကျင်းပသည့် မြို့တော်ခန်းမဥပစာရင်ပြင်ရှိ စင်မြင့်ပေါ်၌ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌသည် တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား တိုင်းရင်းသူ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပသည့် နေပြည်တော် မြို့တော်ခန်းမရှေ့၌ ရောင်စုံမီးများဖြင့် အလှဆင်ထားသည်ကို တွေ့ရစဉ်။

# ဖွံ့ဖြိုးရှင်သန်လှပ မဲနယ်တောင်တန်းဒေသ (၂)

ဝ ထ က လ သ (နတလ)

### မဲနယ်တောင်တန်း

မဲနယ်တောင်တန်းကြီးသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ်အတွင်း၌ တည်ရှိပေသည်။ ရှမ်းပြည်နယ်တွင် မဲနယ်တောင်ကို မသိသူ အလွန်ရှားသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမှ ကယားပြည်နယ် လွိုင်ကော်သို့ ကားဖြင့် ခရီးသွားတိုင်း အမြဲတမ်းလိုလို ဟိုပုံး- နမ့်ခုတ်- နောင်မွန်- ဘန်းယဉ်- ဆိုက်ခေါင်- ဆီဆိုင် အစ ရှိသောမြို့ရွာများကို ဖြတ်သန်းမောင်းနှင်လျက် ညို့ညို့မှိုင်းမှိုင်း မဲနယ်တောင်တန်းကြီးကို လှမ်းငေးမော၍ ကြည့်ရှုခဲ့ရပါသည်။ မဲနယ်တောင်တန်းကား တောင်စဉ်အထပ်ထပ် လျှိုမြောင်အသွယ်သွယ်တို့ဖြင့် စိမ်းလန်းစိုပြည်လှပနေပေ၏။

မျက်စိတစ်ဆုံးရှိနေကြသည့် လယ်ကွင်းပြင်၊ စိုက်ခင်းများက အစိမ်းရောင်၊ နီညိုရောင်၊ အဝါနုရောင်၊ အဝါရင့်ရောင် စသည်ဖြင့် မြေအနိမ့်အမြင့်အလိုက် အရောင်စုံများ မြင်တွေ့ရသလို ထင်းရှူးတန်းများ၊ တောင်ပြာတန်းများကလည်း စိတ်အေးချမ်းဖွယ်ဖြစ်သည်။ ရာသီဥတုမှာတော့ အေးသည်ဆိုတာထက်ပို၏။

ပအိုဝ်းလူမျိုးများက ယင်းတောင်တန်းကြီးကို "မိုင်းကောင်"ဟု ခေါ်ဝေါ်ကြသည်။ "မိုင်း" ကား "မဲနယ်"ဟု အဓိပ္ပာယ်ရသည်။ "ကောင်" ကား "တောင်"ဟု အဓိပ္ပာယ်ရသည်။ စကားနှစ်ရပ်ပေါင်းတော့ မြန်မာလို "မဲနယ်တောင်"ဟု အဓိပ္ပာယ်ရသည်။

ပအိုဝ်းလူမျိုးတို့သည် ရှေးယခင်အခါက မိမိတို့၏ အဝတ်အထည်များကို အနက်ရောင်အဆင်းဖြစ်အောင် သစ်ခေါက်ရည်ဖြင့်ဆိုး၍ဝတ်ကြသည်။ အနက်ရောင်ဆိုးရန် အသုံးပြုသောအပင်ကို "မဲ့င်းမွူး"ဟု ခေါ်သည်။ ယင်းအပင်များပေါများလှသော ၎င်းတောင်ကို "မဲ့င်းကောင်" "မဲနယ်တောင်" ဟုခေါ်ဆိုခြင်းဖြစ်သည်ဟုလည်း သိရပြန်သည်။

### ပြည်ထောင်စုဝန်ကြီး၏ခရီးစဉ်

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် မဲနယ်တောင်တန်းရှိ ကျေးရွာများ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းအပါအဝင် မူးယစ်အစားထိုး ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ရည်ရွယ်ချက်များဖြင့် ၂-၉-၂၀၂၂ ရက်နေ့တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မဲနယ်တောင်ဒေသသို့ ရောက်ရှိခဲ့သည်။ ပအိုဝ်းဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးလည်း လိုက်ပါခဲ့သည်။

ပြည်ထောင်စုဝန်ကြီး၊ ပအိုဝ်းဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် နတလညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညိုတို့ ပါဝင်သောအဖွဲ့သည် မဲနယ်တောင်တန်းဒေသသို့ အသေးစိတ် ကွင်းဆင်းကြည့်ရှုခဲ့သည်။ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပင်ဖြစ်၏။ အခြေခံလိုအပ်လျက်ရှိသည့် လမ်း/တံတား လုပ်ငန်းစီမံကိန်းများအား ဦးစားပေးအလိုက် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည့်အစီအမံများကို ဆွေးနွေးတိုင်ပင်ညှိနှိုင်းခဲ့ကြသည်။

### ရှူခင်းသာနှင့် တိုင်တစ်ရာကျောင်း

ဟိုပုံး- မိုင်းပွန် ကားလမ်းပေါ်၌ ရွာသစ်ကျေးရွာရှိ၏။ ထိုမှ တောင်ပေါ်လမ်းအတိုင်း စငေါ၊ ဆက်သွားမည်ဆိုလျှင် စံဖူးကျေးရွာကိုကျော်ပါက ကျောက္ကချားကျေးရွာကို ရောက်ရှိမည်ဖြစ်၏။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက္ကချားကျေးရွာမှ ရှုခင်းသာနှင့် နှစ်ပေါင်း ၁၁၀ သက်တမ်းရှိ ရှေးဟောင်း နမ့်ဟုတ်ဘုန်းကြီးကျောင်းတို့ကိုလည်း ကြည့်ရှုလေ့လာခဲ့ကြသည်။

ကျောက္ကချားကျေးရွာ၏ အနောက်ဘက်တစ်မိုင်ကျော်ခန့်တွင် အလှတရားများပြည့်နှက်နေသည့် တောင်ဇလပ်ပန်းများပွင့်သော အမြင့်ပေ ၈၂၆၃ ပေရှိသည့် လွယ်မိုင်းတောင်ထိပ်၌ view point (ရှုမျှော်ခင်း) ရှိသည်။

သဘာဝအရိုင်းပန်းများနှင့် ပကတိအလှတရားများ ပြည့်နှက်နေသောနေရာပင်ဖြစ်၏။ ပေပေါင်း ၈၂၀၀ ကျော်သည့်အတွက် တောင်ဇလပ်ပန်းများပွင့်သော အမြင့်ပေဖြစ်လေသည်။ တောင်ထိပ်ပတ်ပတ်လည်၌သာ တောင်ဇလပ်နီနီများ ဝေနေအောင်ပွင့်ပြီး အခြားနေရာများ၌ တောနက်နက်၊ တောင်စွယ်အထပ်ထပ်ကို ကြည်နူးဖွယ် တွေ့မြင်နေရသည်။ ပင်စိမ်းသီးပင်များ၊ နွယ်ရိုင်းပင်များ၊ တောပန်းတောင်ပန်းရောင်စုံအလှများဖြင့် သဘာဝအတိုင်း အရိုင်းဆန်ဆန်လှနေသည့် မြင်ကွင်းဖြစ်ပေသည်။ ဤအေးချမ်းလှပသောဒေသသည် တစ်ချိန်တွင် မြန်မာ့ခရီးသွားလုပ်ငန်းများအတွက် အပန်းဖြေလေ့လာစရာများဖြင့် ထင်ရှားလာပေလိမ့်မည်ဟု ယုံကြည်နေပါသည်။

### နမ့်ဟုတ်ကျောင်း

နမ့်ဟုတ်ဒေသသည် ၁၆ ရာစုကပင် ရှိပြီးဖြစ်သည်ဟု မှတ်သားရသည်။ နမ့်ဟုတ်သည် ရှမ်းဘာသာစကားဖြစ်ပြီး ပအိုဝ်းဘာသာအားဖြင့် **"ထိလုံ"**(ထိတာအိအုံ)ဟု အဓိပ္ပာယ်ရပေသည်။ မြန်မာဘာသာအားဖြင့် ချုံပုတ်ထဲကရေထွက်သောနေရာဟု ပြန်ဆိုနိုင်ပေသည်။

ထိုကျောက္ကချားကျေးရွာ၌ ကျောက္ကချားဘုန်းတော်ကြီးကျောင်းသည် ကျောင်းကျယ်ဝန်းခြင်း၊ တိုင်လုံးကြီးခြင်း၊ ဘုရားရုပ်ပွားတော်များ ကြီးမားသပ္ပာယ်ထည်ဝါခြင်း ဂုဏ်အင်္ဂါတို့ကြောင့် **"နမ့်ဟုတ်ကျောင်းတော်ကြီး"** ဟုလည်း လူသိများကြသည်။ တိုင်တစ်ရာကျောင်းဟုလည်း ထင်ရှားသည်။

ကျောင်းကြီး၏သက်တမ်းမှာ ယခုဆိုလျှင် နှစ် ၁၁၀ ပြည့်မြောက်ခဲ့ပြီလည်း ဖြစ်သည်။ နမ့်ဟုတ်ကျောင်းကြီးကို လူကြီးတစ်ဖက်မက ကြီးမားသော သစ်သားတိုင်လုံးကြီးပေါင်း တစ်ရာကျော်ဖြင့် ရှေးလက်ရာတည်ဆောက်ထားဟန်ကို မြင်တွေ့နိုင်ပေသည်။ ကျောင်းဆောင်မျက်နှာကြက်၌ ထူးခြားဆန်းပြားသည့် သစ်သားကနုတ်ထွင်းအနုစိတ်လက်ရာများကို လေ့လာနိုင်သည်။ ကျောင်းဆောင်အပေါ်ထပ်၌ တိုင်လုံးကြီးများကို ပွတ်လုံးချောထားပြီး ရွှေစေးချထားကာ စာများရေးထားသည်ကို တွေ့မြင်ရသည်။

ကျောင်းဆောင်ပေါ်၌ နှစ်ကာလ မခန့်မှန်းနိုင်သော ရှေးဟောင်းဆင်းတုတော်များကို ဖူးတွေ့ရ၏။ ထို့ပြင် ရှေးခေတ်ရှမ်းစော်ဘွားများ အသုံးပြုခဲ့သည်ဟုယူဆရပြီး ရှေးဟောင်းပလ္လင်ဖြစ်ဟန်တူသည့် သစ်သားပလ္လင်ကိုလည်း တွေ့မြင်ရပြန်သည်။ ကျောင်းကြီးအတွင်း၌ ရှေးဟောင်းပုံစံ သစ်သားပွတ်လုံးများဖြင့် အခန်းကန့်များ၊ သစ်သားဗီရို၊ ရှေးပန်းအိုး၊ သံပတ်ပေးတိုင်ကပ်နာရီများကိုလည်း မြတ်နိုးစွာ ထိန်းသိမ်းထားနိုင်သည်ကို မြင်တွေ့ခဲ့ရသည်။

တကယ်တော့ **"နမ့်ဟုတ်"**ဟု စတင်ခေါ်စကပင် နေရာဒေသတစ်ခုတည်း မြဲခြင်းမရှိခဲ့။ ရေအခက်အခဲကြောင့် နေရာဒေသများ အကြိမ်ကြိမ်ပြောင်းခဲ့ကြသော်လည်း **"နမ့်ဟုတ်"** ဆိုသောအမည်ကား ယနေ့တိုင် ခေါ်ဝေါ်နေဆဲပင်။

ပြောင်းရွှေ့ခေါ်ဝေါ်ခဲ့ကြသော အခြားရွာအမည်များမှာ ပင်ပလိရွာ၊ ကံ့ကော်ရွာ၊ ကျလုံရွာ၊ နမ်းဟုတ်ရွာ၊ ပင်စိမ်းရိုင်းပင်ရွာ၊ ဗန်းမောင်ရွာ၊ လျှံနွမ်သူရွာ၊ ပန်အွိရွာစသည့် ရွာများဖြစ်သည်ဟု ဒေသခံများထံမှ သိခဲ့ရသည်။ ယခုအခါတွင် ယင်းရွာများမှာ မရှိတော့ဘဲ ပျောက်ကွယ်သွားခဲ့လေပြီ။


### ကျောက္ကချားကျေးရွာ မီးလင်းရေး

နယ်မြေငြိမ်းချမ်းမှုများနှင့်အတူ မီးအလင်းရောင်ကို လိုအပ်ခဲ့သော ဤမဲနယ်တောင်တန်းဒေသ မီးလင်းရေးအတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့သည်။ ၂၈-၁၀-၂၀၂၂ ရက်နေ့တွင် ဟိုပုံးမြို့နယ် စငေါကျေးရွာ၌ မဲနယ်တောင်တန်းဒေသ (ရွာသစ်ကျေးရွာမှ ကျောက္ကချားကျေးရွာအထိ) လျှပ်စစ်ဓာတ်အားရရှိနိုင်ရန် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂၀ ဒသမ ၄ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁၈ ဒသမ ၅ မိုင် သွယ်တန်းခြင်းနှင့် ၁၁/၀ ဒသမ ၄ ကေဗွီအေ ထရန်စဖော်မာ ၁၈ လုံးဖြင့် ကျေးရွာ ၂၀ မီးလင်းရေးအတွက် ဓာတ်အားလိုင်းဖွင့်ပွဲအခမ်းအနား ပြုလုပ်ခဲ့ပြီးဖြစ်သည်။

**စာမျက်နှာ ၇ သို့** ❐



နမ့်ဟုတ်ကျောင်းတော်ကြီးအတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး။



ကျောက္ကချားကျေးရွာရှိ ရှေးဟောင်းနမ့်ဟုတ်ကျောင်းတော်ကြီး။

**"ကျောင်းကြီး၏သက်တမ်းမှာ ယခုဆိုလျှင် နှစ် ၁၁၀ ပြည့်မြောက်ခဲ့ပြီလည်းဖြစ်သည်။ နမ့်ဟုတ်ကျောင်းကြီးကို လူကြီးတစ်ဖက်မက ကြီးမားသော သစ်သားတိုင်လုံးကြီးပေါင်း တစ်ရာကျော်ဖြင့် ရှေးလက်ရာတည်ဆောက်ထားဟန်ကို မြင်တွေ့နိုင်ပေသည်။ ကျောင်းဆောင်မျက်နှာကြက်၌ ထူးခြားဆန်းပြားသည့် သစ်သားကနုတ်ထွင်း အနုစိတ်လက်ရာများကိုလေ့လာနိုင်သည်။ ကျောင်းဆောင်အပေါ်ထပ်၌ တိုင်လုံးကြီးများကို ပွတ်လုံးချောထားပြီး ရွှေစေးချထားကာ စာများရေးထားသည်ကိုတွေ့မြင်ရ"**

❒ စာမျက်နှာ ၆ မှ

ထို့ကြောင့် ကျောက္ကချားကျေးရွာအပါအဝင် ထီလင်း၊ ထီဗွာ၊ ခိုချဲ၊ နမ့်ဟူး၊ ယုပွေး၊ လဲလောင်း၊ ပန်လျှန်း၊ စငေါ၊ လိုက်ကွန်၊ လိုက်ကန်၊ လိုက်ပေး၊ ဘန့်စောက်၊ ကျောင်းနား၊ ထီခမ်း၊ စံဖူး၊ ထလျှနိုး၊ ဘန့်ကွန်၊ ပန်သခွားနှင့် ဒုံကောင် စသည့်ကျေးရွာများအားလုံး လျှပ်စစ်မီးအလင်းရောင် ရရှိနေပြီဖြစ်သည်။

ထို့ပြင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် မြေသားလမ်း၊ ကျောက်ခင်းလမ်း၊ ကတ္တရာလမ်း၊ Box Culvert နှင့် တံတားပေါင်းများစွာကိုလည်း ဆောင်ရွက်ပေးခဲ့သည်။

ဟိုပုံးမြို့နယ် ကျောက္ကချား- ပန်စောက်- နတ်စင်- ပန်ကလ- ဒုံလိတန် ၁၀ မိုင်လမ်းပိုင်း၌ ကျောက္ကချား - ပန်စောက် - နတ်စင်လမ်း ၆ မိုင် ၄ ဖာလုံကို ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ထောင်စုရန်ပုံငွေဖြင့် မြေလမ်းဖောက်လုပ်ပေးထားပြီးဖြစ်သည်။ ထိုလမ်းပိုင်းများကို ဘဏ္ဍာနှစ်အလိုက် ဆက်လက်အဆင့်မြှင့်တင်ပေးလျက်ရှိသည်။

**လပ်တိုင်- ပင်အွန်လမ်း**

မဲနယ်တောင်တန်းနှင့် လွယ်မောတောင်တန်းကို **“လပ်တိုင်-ပင်အွန်”** လမ်းဖြင့် နယ်နိမိတ်ပိုင်းခြားထားသည်ဟု ဆိုရပေမည်။ ယင်းလမ်းပိုင်းသည် ၅ မိုင် ၄ ဖာလုံ ရှည်လျားပြီး **“နတလ”** မှ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ ၂၀၁၉- ၂၀၂၀၊ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်အထိ ၅ မိုင် ၄ ဖာလုံတွင် ကျောက်လမ်းဖောက်လုပ်ပေးခဲ့ပြီးဖြစ်သည်။ လမ်းအဆင့်မြှင့်တင်ပေးရန် ဆီဆိုင်မြို့နယ် ကျောင်းချယ်လမ်းခွဲမှ လပ်တိုင်- ပင်အွန်လမ်း ၅ မိုင်အနက် ၁ မိုင် ၄ ဖာလုံ၌ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပေပြီ။ နောင်တွင် ဤလမ်းသည် ကတ္တရာလမ်းမကြီးအဖြစ် ဖြောင့်ဖြူးစွာ ဖြစ်ပေါ်လာပေတော့မည်။

**ဆိုက်ခေါင်ကျေးရွာ**

ထိုမှတစ်ဖန် **“ဆိုက်ခေါင်”** သို့ ခရီးဆက်ခဲ့ကြသည်။

ဆိုက်ခေါင်ကျေးရွာသည် မြို့ဖြစ်ရန်အရှိန်ယူနေသော ကျေးရွာကြီးဖြစ်သည်ဟု မြင်မိပါသည်။ လမ်းပန်းဆက်သွယ်ရေး အလွန်ကောင်းလှသည်။ ဆိုက်ခေါင်ကို ဗဟိုပြုလျက် တောင်ဘက်တွင် ဆီဆိုင်၊ လွိုင်လင်သို့လည်းကောင်း၊ မြောက်ဘက်တွင် ဘန်းယဉ်၊ ဟိုပုံး၊ တောင်ကြီးသို့လည်းကောင်း၊ အရှေ့ဘက်တွင် မဲနယ်တောင်တန်းပေါ်ရှိ ကျေးရွာများသို့လည်းကောင်း ခရီးပေါက်နေပြီဖြစ်သည်။ ၂၄ နာရီ မီးလင်းသော ဓာတ်အားလိုင်းနှင့် ဆက်သွယ်ရေးလိုင်းများအပြင် နတလက ပင်မဆောင်ကို တာဝန်ယူဆောက်လုပ်ပေးခဲ့သော တိုက်နယ်ဆေးရုံတစ်ရုံလည်းရှိနေသည်။

ဆိုက်ခေါင်တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ထားပြီးဖြစ်လေသည်။ ဒေသ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး စတင်ရှင်သန်ရာနေရာတစ်ခုဟု ဆိုရပါမည်။



လပ်တိုင် - ပင်အွန် လမ်းပိုင်းတစ်နေရာ။

လွယ်ပွတ်- လိုက်ပေး-ဘန်းနောင်ကား တွင်လည်း ဒေသခံတိုင်းရင်းသားပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလိုအပ်ချက်များ တင်ပြမှုအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဒေသအတွက် အဓိကအကျိုးဖြစ်ထွန်းမည့် လမ်းပိုင်းများကို မြေပြင်ကွင်းဆင်းစိစစ်မှုများပြုလုပ်၍ ဦးစားပေးဆောင်ရွက်ပေးသင့်သည်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ခိုင်မာအောင် တည်ဆောက်သွားနိုင်ရေး ရှင်းလင်းဆွေးနွေးမှုကြောင့် ဒေသခံများ၏ ပျော်ရွှင်နေသော အပြုံးများကို တွေ့ခဲ့ရသည်။

**မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း**

ခရီးစဉ်ညွှန်ကြားချက်များနှင့်အညီ **“နတလ”** ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင် ငါးဦးသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်အတွင်းရှိ မဲနယ်တောင်တန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၁၃-၉-၂၀၂၂ ရက်နေ့မှ ၁၈-၉-၂၀၂၂ ရက်နေ့အထိ အသေးစိတ် မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့၏ ခရီးစဉ်ညွှန်ကြားချက်များ၊ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ အသေးစိတ်တင်ပြချက်များအရ ယခုအခါ ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်မှစတင်၍ ကျောက္ကချားဒေသ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။

ယခု ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျောက္ကချား- နတ်စင်- ပန်ကလအထိ ၆ မိုင် ၄ ဖာလုံလမ်းပိုင်းပေါ်တွင် ၂ မိုင် ၄ ဖာလုံ အမာခံဖြန့်ခင်းခြင်း၊ ရေထုတ်ပြွန် ၁၄ စင်းနှင့် ကျောက်စီရေမြောင်း ပေ ၆၆၀ တည်ဆောက်ခြင်းကိုလည်းကောင်း၊ နတ်စင်- ပါခက်- ပန်ကလအထိ ၁ မိုင် ၅ ဖာလုံ လမ်းတာချဲ့ခြင်း၊ ၃ မိုင် ၁ ဖာလုံ အမာခံဖြန့်ခင်းခြင်း၊ ပေ ၂၀ ကွန်ကရစ်တံတား တစ်စင်း၊ ရေထုတ်ပြွန် ၁၀ စင်း တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်းကောင်း ရန်ပုံငွေကျပ် ၄၂၀ ဒသမ ၁၄၇ သန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဆက်လက်ပြီး ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း မဲနယ်တောင်တန်းဒေသဖွံ့ဖြိုးရေးအတွက် ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်များအတွင်း မြေသားလမ်းများဖောက်လုပ်ခြင်း၊ လမ်းတာချဲ့ခြင်း၊ တံတားကြီးငယ်များ တည်ဆောက်ခြင်း၊ ရေစီးရေလာကောင်းမွန်၍ လမ်းများမပျက်စီးရေး ရေထုတ်ပြွန်များ တည်ဆောက်ပေးရန် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးဘဏ္ဍာငွေများ လျာထားသတ်မှတ်ခဲ့သည်။

ထိုလုပ်ငန်းများကား မဲနယ်တောင်တန်းဒေသခံများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးအတွက် များစွာအထောက်အကူပြုမည့် ဖွံ့ဖြိုးရေးစီမံကိန်းများပင်ဖြစ်လေတော့၏။

**ငြိမ်းချမ်းရေး**

နေရာဒေသတစ်ခုတွင် လူမျိုးတစ်မျိုးတည်း သီးသန့်နေထိုင်သော တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေဟူ၍မရှိပါ။ အားလုံးသည် စုပေါင်းနေထိုင်ကြပြီး မိမိတို့လူမှုဘဝရှင်သန်ရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရသည်။ တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်ကြ၏။ နေ့စဉ်စားဝတ်နေရေးအတွက် အသက်မွေးဝမ်းကျောင်းနေကြရင်း အေးချမ်းစွာ နေထိုင်လိုကြသည်။ ထို့ကြောင့် နယ်မြေဒေသများသည် အေးချမ်းလုံခြုံပြီး တရားဥပဒေစိုးမိုးသောဒေသများဖြစ်ရန် အထူးလိုအပ်လှပေသည်။

သို့သော် တချို့မှုကား ငြိမ်းချမ်းရေးကို မျက်ကွယ်ပြုထားကြဆဲဖြစ်သည်။

ငြိမ်းချမ်းရေးဆွေးနွေးမှုအပေါ် လက်တွေ့မကျသည့် အကြောင်းပြချက်များ၊ ငြင်းဆန်ချက်များ၊ ကန့်လန့်တိုက်ခြင်းများ၊ ဖျက်လိုဖျက်ဆီးလုပ်လိုမှုများသည် ၎င်းတို့၏ ဒေသခံပြည်သူလူထု၊ ဒေသအကျိုးအပေါ် ရိုးသားဖြောင့်မတ်မှုမရှိကြောင်း ပြသနေခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးရရှိမှသာလျှင် ပြည်သူများ အေးအေးချမ်းချမ်းနေကြရမည်။ လူမှုစီးပွားဘဝများ လုံခြုံစိတ်ချရမည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ပြီး ဒေသများ အမြန်ဖွံ့ဖြိုးတိုးတက်ပေလိမ့်မည်။

**အပြုံးများ**

မဲနယ်တောင်တန်းသည် မြင့်မားသည့်တောင်တန်းကြီးများရှိပြီး အေးမြသောရာသီဥတုရှိ၍ သာယာလှပသောဒေသဖြစ်လေသည်။ သဘာဝသယံဇာတအဖြစ် ခဲသတ္တုများလည်း ထွက်ရှိသည်။ ဒေသခံများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ဖော်ရွေမှုများကလည်း ချစ်စဖွယ်အလေ့အထများပင်ဖြစ်၏။

ဒေသခံများသည် ဗုဒ္ဓဘာသာကို အထူးသက်ဝင်ယုံကြည်ကြသူများဖြစ်ကြပေသည်။ မိမိတို့၏ ခွန်အား၊ ဉာဏ်အားကို အသုံးပြု၍ မိရိုးဖလာ သနပ်ဖက်၊ ကြက်သွန်ဖြူ စသော စိုက်ပျိုးရေးလုပ်ငန်းများဖြင့် ရိုးသားစွာလုပ်ကိုင်လျက် အသက်မွေးဝမ်းကျောင်းပြုကြသူများ ဖြစ်လေသည်။

ပြည်ထောင်စုဝန်ကြီး ရောက်ရှိသည့် မဲနယ်တောင်တန်းရှိ ကျေးရွာတိုင်းမှ ဒေသခံများသည် ပျော်ရွှင်ကြည်နူးနေသည့်၊ ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ရှိကြသည့် အပြုံးများနှင့်အတူ ကြိုဆိုမှုကို တွေ့ရပါသည်။

လူတစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြသောအခါ ပထမဆုံး တွေ့မြင်ရသည်မှာ အပြုံးဖြစ်သည်။ တစ်ဦးကိုတစ်ဦး ပြုံးပြပြီးမှ နှုတ်ဆက်စကား၊ အပြန်အလှန်အမေးစကားများ ပြုကြသည်မှာ လူ့သဘာဝတစ်ခုဟုပင် ဆိုနိုင်သည်။ စစ်မှန်သော အပြုံးသည် လူတိုင်း၏နှလုံးကို အေးချမ်းစေပါသည်။ ပြုံးခြင်းသည် ရင်တွင်း၌ ချမ်းသာသုခကို ပေးသည်။ အလုပ်လုပ်ရာတွင်လည်း အလုပ်ကို တွင်ကျယ်စေသည်။ အပြုံးသည် လုပ်ငန်းများကိုလည်း ရာနှုန်းပြည့်ပြီးမြောက်စေသည်။ ပြုံးခြင်းအနုပညာသည် ဒေသတစ်ခုတည်းကိုသာမက ကမ္ဘာကြီးတစ်ခုလုံးကိုပင် ပြောင်းလဲစေနိုင်သည်။

ကြမ်းတမ်းခက်တရော်မှုများ ရှိခဲ့ဖူးသော ပအိုဝ်းတို့၏ မဲနယ်တောင်တန်းဒေသသည်ကား ယခုအချိန်တွင် ဒေသခံတိုင်းရင်းသားတို့၏ ချိုမြသော အပြုံးလှလှများနှင့်အတူ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများဖြင့် ရှင်သန်လှပခဲ့လေပြီ။ ။

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲများ သုံးရက်တာ ကျင်းပလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲကို ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိမြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီက စတင်ဖွင့်လှစ်ပြီး သုံးရက်ကြာကျင်းပလျက်ရှိသည်။

**ရှင်းလင်းပြောကြား**

မြင်းစီးပြိုင်ပွဲဖွင့်ပွဲတွင် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများက ပြိုင်ပွဲများဖွင့်လှစ်ကြောင်း ကြေညာ၍ ပြိုင်ပွဲများကို စတင်ကျင်းပခဲ့သည်။

အဆိုပါမြင်းစီးပြိုင်ပွဲ၌ မြန်မာ့ရိုးရာဒုန်းပြိုင်ပွဲ၊ မြန်မာ့ရိုးရာ အသားကျပြိုင်ပွဲ၊ နိုင်ငံတကာ တန်းခုန်ပြိုင်ပွဲ(Show Jumping)တို့ပါဝင်ပြီး ဖေဖော်ဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မြန်မာ့ရိုးရာဒုန်းပြိုင်ပွဲ၊ မြန်မာ့ရိုးရာ အသားကျပြိုင်ပွဲနှင့် နိုင်ငံတကာတန်းခုန်ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြသည်။

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကာ အားကစားသမား ၄၀ နီးပါး ပါဝင်ယှဉ်ပြိုင်ကြပြီး ဖေဖော်ဝါရီ ၁၂ ရက် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ဗိုလ်လုပွဲများနှင့် ဆုပေးပွဲများ ကျင်းပခဲ့ကြောင်း မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်မှ သိရသည်။

လင်းရာမ



# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့၏ အရှေ့မြောက်ဘက် မိုင် ၂၀ ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၁)တည်ဆောက်ရေးမှ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် အလယ်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။





**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စီမံကိန်းရှုရပ်မှနေ၍ စီမံကိန်းဧရိယာအတွင်း ပင်မတမံ မြေကြီး/ကျောက်သားတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ရေလွှဲစနစ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် မြေကြီး/ကျောက်သား တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စီမံကိန်းအတွင်း အလယ်ပေါင်းလောင်း မြစ်ကူးတံတားတည်ဆောက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ အလယ်ပေါင်းလောင်း မြစ်ကူးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အပ်ငွေလုပ်ငန်းစနစ်ဖြင့် တာဝန်ယူတည်ဆောက်ပေးခြင်းဖြစ်ပြီး လုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်၌ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်နှင့် တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် ခွင့်ပြုဘဏ္ဍာရန်ပုံငွေ ရရှိ/သုံးစွဲမှု အခြေအနေများ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသည် စီမံကိန်းလုပ်ငန်းတစ်ခုလုံး ပြီးစီးမှု ရှစ်ရာခိုင်နှုန်းခန့်ရှိနေပြီဖြစ်ကြောင်း၊ အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများသည် မတ်လမတိုင်မီ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သောကြောင့် စီမံကိန်းအား IPP/BOT စနစ်ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် Notice to Proceed-NTP ထုတ်ပေးထားသည့် Pan Theingi Energy Co.,Ltd. သို့ ဖေဖော်ဝါရီလကုန်တွင် စနစ်တကျ လွှဲပြောင်းပေးသွားရန်ဖြစ်ကြောင်း၊ Pan Theingi Energy Co.,Ltd. မှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါကုမ္ပဏီအနေဖြင့် ယခုနှစ် ပွင့်လင်းရာသီ လက်ကျန်ကာလအတွင်း ဆောင်ရွက်နိုင်မည့် လုပ်ငန်းများဖြစ်သည့် စီမံကိန်းချဉ်းကပ်လမ်း အဆင့်မြှင့်တင်ဖောက်လုပ်ခြင်းလုပ်ငန်း၊ ရေလွှဲရေထုတ်ပြွန် ဆက်လက်တည်ဆောက်ခြင်းလုပ်ငန်း၊ ပင်မတမံ မြေကြီး/ကျောက်သားတူးဖော်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရေး အမြန်စီမံသွားရန်ဖြစ်ကြောင်း၊ ဆက်လက်၍ Pan Theingi Energy Co.,Ltd. အနေဖြင့် တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ စုဆောင်းခြင်း၊ ပင်မတမံ RCC တွင် အသုံးပြုမည့် ခဲကျောက်စုဆောင်းထုတ်လုပ်ခြင်း၊ စီမံကိန်းအတွက် လိုအပ်သော စက်၊ ယာဉ်၊ ယန္တရားများပို့ဆောင်ခြင်း စသည့် လုပ်ငန်းများကိုလည်း ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို စနစ်တကျ ပြုစုရေးဆွဲ၍ အမြန်တင်ပြသွားရန်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်စဉ် အခက်အခဲများ ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်နှင့် ဌာနအနေဖြင့်လည်း လိုအပ်သည်များ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း မှာကြားသည်။

**ဆောင်ရွက်လျက်ရှိ**

အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသည် နေပြည်တော် ပျဉ်းမနားမြို့၏ အရှေ့မြောက်ဘက် မိုင် ၂၀ ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် RCC ကွန်ကရစ် ရေလှောင်တမံတည်ဆောက်ပြီး စုစုပေါင်း စက်တပ်ဆင်အင်အား ၁၆၆ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက်ရုံ တပ်ဆင်တည်ဆောက်ကာ နှစ်စဉ် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၅၉၂ သန်း ထုတ်လုပ်ပြီး နိုင်ငံတော်ဓာတ်အားစနစ်နှင့်ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး ရည်ရွယ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ရှစ်ရာခိုင်နှုန်းခန့်ကို ဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ကျန်လုပ်ငန်းများကို IPP/BOT စနစ်ဖြင့် Pan Theingi Energy Co.,Ltd. မှ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၆-၂၀၂၇ ခုနှစ်တွင် စတင်ဓာတ်အားထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း(BE.FALLS)တွင် Sky Cable Car စတင်ပြေးဆွဲ

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၂**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE.FALLS) တွင် Sky Cable Car စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE.FALLS)တွင် ပတ်ဝန်းကျင်ရှုခင်းများကို အမြင့်မှ ကြည့်ရှုနိုင်ပြီး ရင်ခုန်စိတ်လှုပ်ရှားဖွယ် စီးနင်းနိုင်မည့် Sky cable Car ပြေးဆွဲခြင်းကို စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ရာ အဆိုပါ Sky Cable Car ပြေးဆွဲမည့် လမ်းကြောင်းအနေဖြင့် အသွား/အပြန် ၁၁၀၈ မီတာ ရှည်လျားကာ Drive Station House၊ Return Station House အဆောက်အအုံ နှစ်လုံး၊ Tower ခြောက်ခု ပါဝင်တည်ဆောက်ထားပြီး လူလိုက်ပါစီးနင်းနိုင်သည့် လေးယောက်စီး Cabins ၃၆ လုံး တပ်ဆင်မောင်းနှင်လျက်ရှိပြီး အသွား/အပြန် Full Circle တစ်ပတ်လျှင် ၂၄ မိနစ်ခန့် ကြာမြင့်မည်ဖြစ်ကာ Sky Cable Way တည်ဆောက်ခြင်း၊ စမ်းသပ်မောင်းနှင်ခြင်း၊ Safety Precaution၊ Emergemcy Rescue Drills ဆောင်ရွက်ခြင်းလုပ်ငန်းများကို အောင်မြင်စွာ စစ်ဆေးစမ်းသပ် ဆောင်ရွက်ပြီးဖြစ်၍ လာရောက်လည်ပတ် အပန်းဖြေအနားယူသူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် Sky Cable Car စီးနင်းနိုင်ပြီဖြစ်သည်။

ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE.FALLS)အနေဖြင့် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ် အပန်းဖြေအနားယူသူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်ရေးအတွက် အဆင့်မြှင့်တင်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။



ပြင်ဦးလွင်-လားရှိုး ကားလမ်းမကြီးအနီးရှိ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း(BE.FALLS) အား နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းတစ်ခုအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလက စတင်ဖွင့်လှစ်ခဲ့ပြီး အေးချမ်းပျော်ရွှင်စွာ လာရောက်လေ့လာ အပန်းဖြေအနားယူသူများဖြင့် နေ့စဉ် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)သည် မအူပင်မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် မအူပင်မြို့နယ် မလက်တိုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၈၈၅ ဦးကို အဆိုပါကျေးရွာရှိ ဂူကုန်းကျောင်းတိုက်ကြီး၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

**ခွဲစိတ်ကုသပေး**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၉၇ ဦး၊ ခွဲစိတ်ရောဂါ ၉၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၄၅ ဦး၊ ကလေးရောဂါ ၃၉ ဦး၊ အရိုးအကြောရောဂါ ၁၃၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၉၈ ဦး၊ မျက်စိရောဂါ ၁၈၆ ဦးနှင့် သွားရောဂါ ၈၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ရှစ်ဦးနှင့် မျက်စိခွဲစိတ် လူနာ ၁၀ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၅၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၆၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား နီးစပ်ရာတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖

## (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာနအဆင့်နှင့် တက္ကသိုလ်အဆင့် ဆောင်းပါး၊ ပန်းချီ၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီးဌာနအဆင့်နှင့် တက္ကသိုလ်အဆင့် ဆောင်းပါး၊ ပန်းချီ၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ဝန်ထမ်းများနှင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် သစ်တောဦးစီးဌာနရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ၏ အမျိုးသားစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ နိုးကြားလာစေရန် ရည်ရွယ်ချက်ဖြင့် ဝန်ကြီးဌာနအဆင့်နှင့် တက္ကသိုလ်အဆင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော် အဓွန့်ရှည် တည်တံ့ခိုင်မြဲစေရန်အတွက် တစ်မျိုးသားလုံး စည်းလုံးညီညွတ်ခြင်း၏ အခြေခံဖြစ်သော ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ရေးသည် အဓိကကျကြောင်း၊ တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို သက်သေစိုက်ထူခဲ့သည့် အထိမ်းအမှတ်ဖြစ်သော ပြည်ထောင်စုနေ့သည် စိန်ရတုလွန် (၇၆) နှစ်မြောက် ကာလသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဦးတည်ချက် (၁၂) ရပ်တို့ဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားပြည်သူအားလုံးက ပင်လုံစိတ်ဓာတ် အရင်းခံ၍ ချစ်ကြည်စည်းလုံးစွာ ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ၊ ဆုရရှိသူအားလုံးကို ဝန်ကြီးဌာနအနေဖြင့် မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်းနှင့် ပြည်ထောင်စုအကျိုး သယ်ပိုးထမ်းရွက်နိုင်သော ဝန်ထမ်းကောင်းများနှင့် ကျောင်းသား ကျောင်းသူကောင်းများ ဖြစ်လာစေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆုရရှိသည့် ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများအား ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ပြီး ဆုရရှိသူများကိုယ်စား တက္ကသိုလ်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသည့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် တတိယနှစ်ကျောင်းသား မောင်ဝေယံဟိန်းထက်က ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## GTI (နေပြည်တော်)တွင် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယနေ့မွန်းလွဲပိုင်းတွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)တွင် ကျင်းပသည့် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု (ဆောင်းရာသီ) အားကစားပြိုင်ပွဲ အမျိုးသားဘော်လီဘော ဗိုလ်လုပွဲကျင်းပနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရည်အချင်းပြည့်ဝသော နည်းပညာရှင်များ မွေးထုတ်ရာတွင် သင်တန်းသားမောင်/မယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးသည်လည်း အရေးပါကြောင်း၊ ယင်းတို့သည် ကျန်းမာသုခနှင့် ပြည့်စုံမှသာ နည်းပညာစွမ်းပကားများဖြင့် MSME လုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစေကာ ဒေသထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်စေပြီး ပြည်သူများအား ထိရောက်စွာ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းတွင်း ပြိုင်ပွဲများတွင် ထူးချွန်သည့် ကျောင်းသားများကို ဝန်ကြီးဌာန ကိုယ်စားပြုအသင်းမှသည် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဖြစ်လာသည်အထိ စနစ်တကျ မြှင့်တင်ပျိုးထောင်သွားရန်၊ ကျောင်းသားများ ကိုယ်ရောစိတ်ပါ ကျန်းမာရွှင်လန်းစေရန်အတွက် ကာယလှုပ်ရှားမှုနှင့် အားကစားပွဲများကို ရာသီဥတုနှင့် ကိုက်ညီစွာ ပုံမှန်ကျင်းပ ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပရာ စီမံဌာနမှူး ဦးရဲမြင့်နိုင်က အမျိုးသမီးနှစ်ယောက်တွဲ ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ ဒုတိယကျောင်းအုပ်ကြီး ဦးသြသြကျော်က အမျိုးသားနှစ်ယောက်တွဲ ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ ကျောင်းအုပ်ကြီး ဒေါက်တာမင်းမင်းထွန်းက စားပွဲတင် တင်းနစ်ပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း ဆုချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီးက အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ပထမဆုရ စက်မှုအင်ဂျင်နီယာဌာန၊ ဒုတိယဆုရ သုတနည်းပညာဌာန၊ တတိယဆုရ မြို့ပြ အင်ဂျင်နီယာဌာနများမှ ကိုယ်စားပြုအသင်းသားများအားလည်းကောင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ အီလက်ထရောနစ် အင်ဂျင်နီယာဌာန၊ ဒုတိယဆုရ စက်မှုအင်ဂျင်နီယာဌာန၊ တတိယဆုရ မြို့ပြ အင်ဂျင်နီယာဌာနတို့မှ ကိုယ်စားပြုအသင်းသားများအားလည်းကောင်း ဆုများချီးမြှင့်ခဲ့ပြီး ကျောင်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပင်လုံပုံရိပ် ဂုဏ်ဟိတ်မြင့်မား မြန်မာ့ "အား"

❖ တောင်တန်း ပြည်မ
ဆောင်မြန်း ညီကြ၊ ခွဲမရ ဟု
မြန်မာ့မြေပုံ၊ ကြန်အင်စုံအောင်
ပင်လုံမော်ကွန်း ဒို့ဖော်ညွှန်းခဲ့။

❖ ပြည်ထောင်စုသည်
ညီနောင်ထု၏ ကြေးမုံ၊
တည်ထောင်မှုသည်
ညီနောင်ထု၏ ပြယုဂ်၊
ပင်လုံဂုဏ်ပုဒ် ဒို့ဖော်ထုတ်ခဲ့။

❖ ပုံရိပ်ပင်လုံ၊ မြန်မာ့ဂုဏ်သည်
စုံညီခြင်း၊ ချစ်ကြည်ခြင်း
ညီညွတ်ခြင်း၊ သွေးစည်းခြင်း
ပေါင်းစည်းခြင်း၊ ခိုင်မြဲခြင်း
ကောင်းခြင်းဖြာဖြာ၊ မင်္ဂလာတို့
ညီညာပေါင်းစု ပြည်ထောင်စု။

❖ အို ... ချစ်ဆွေငဲ့
တစ်မြေတည်း နေ၊ ဒို့တတွေသည်
တစ်လေ့တည်း စီး၊ ဒီခရီးဝယ်
ရင်းနှီးချစ်ကြည်၊ တွဲလက်ညီစွာ
ခိုင်ကျည်ထက်သန်၊ **မျိုးချစ်မာန်နှင့်**
ဖန်ဖန်ယိုဖိတ်၊ ပြည်ထောင်စုစိတ်နှင့်
ဂုဏ်ဟိတ်မြင့်မား၊ "မြန်မာ့အား" ကို
တန်ဖိုးထား မြှင့်တင် နိုင်စေသော်။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

(၇၆ နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက်)

**ညီညွတ်ခြင်းသည် စွမ်းအင် စည်းလုံးခြင်းသည် ခွန်အား ပြည်ထောင်စု၏ နှလုံးသား**

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှေ့ လွှတ်တော်ဝင်းတန်းစီကွင်း၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင်အခမ်းအနားနှင့် အလေးပြုခြင်းအခမ်း အနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းမပေါ်ရှိ ပြည်သူ့ရင်ပြင်ရှေ့ လွှတ်တော် ဝင်းတန်းစီကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ချုပ် တရားသူကြီး၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသ ကြီး စာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ များ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ဖိတ်ကြား ထားသည့် ဧည့်သည်တော်များ တက်ရောက် ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းသည် စစ်ရေးပြဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြ သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုး မဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား သို့ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ဖတ်ကြားပြီး အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**



# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း၌ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၂**

(၇၆)နှစ် မြောက်ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်း ဥပစာရှေ့၌ ကျင်းပသည်။



ဦးစွာ နံနက် ၅ နာရီခွဲတွင် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ စစ်တီးဝိုင်းတပ်စုနှင့် အလံတင်တပ်စုတို့သည် အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ တက်ရောက် လာကြသူများနှင့် အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ အား လွှင့်တင်ပြီး အလေးပြုကြသည်။

ဆက်လက်၍ နံနက်၇နာရီတွင်(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်း အခမ်း အနားကို မန္တလာသီရိအားကစားကွင်း ဥပစာရှေ့၌ ဆက်လက်ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်၏ဇနီး၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ မန္တလေးမြို့အခြေစိုက် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်များ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊တက္ကသိုလ်၊ ကောလိပ်၊ အခြေခံ ပညာကျောင်းတို့မှ ဆရာ ဆရာမများနှင့် ကျောင်း သား ကျောင်းသူများ၊ လူမှုအသင်းအဖွဲ့အစည်းများ၊ မန္တလေးမြို့အခြေစိုက် တိုင်းရင်းသားလူမျိုးစုများ နှင့်ပြည်သူများ စုစုပေါင်းအင်အား ၃၀၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ် ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ အစိုးရ အဖွဲ့ဝင်ဝန်ကြီးများသည် ဂုဏ်ပြုတပ်ဖွဲ့၊ တက် ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ပြည်သူများ နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံကိုအလေးပြုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူး ကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ဖတ်ကြား ပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီး ချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရ အဖွဲ့ဝင်ဝန်ကြီးများက တက်ရောက်လာကြ သူများ၊ ပြည်ထောင်စုတိုင်းရင်းသား ညီနောင်သား ချင်းများအား ရင်းနှီးစွာလိုက်လံနှုတ်ဆက်ခဲ့ပြီး (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြုလုပ် သည့် ပြည်ထောင်စုတိုင်းရင်းသားများ၏ စတုဒိသာမဏ္ဍပ်များတွင် အစားအစာများကျွေးမွေး နေမှုများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**

# ပုသိမ်မြို့၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားအား ယနေ့နံနက် ၅နာရီက ပြည်ထောင်စုကွင်း (ကန်သာယာ)၌ ပြုလုပ်ခဲ့ရာ တိုင်း၊ ခရိုင်အဆင့်ဌာနဆိုင်များက နေရာယူပြီး အလံတင်တပ်စုမှ တပ်ကြပ်ကြီးဦးဆောင်၍ နိုင်ငံတော်အလံတင်ခြင်းနှင့် အလေးပြုခြင်းများ ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို နံနက် ၇နာရီတွင် အဆိုပါကွင်း၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပုသိမ်လေတပ်စခန်းခေတ္တဌာနချုပ်မှူး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။



**အလေးပြု**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း နှင့် အခမ်းအနားသို့ တက်ရောက်လာသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကာ ဂုဏ်ပြုတပ်ဖွဲ့က သစ္စာအဓိဋ္ဌာန် ရွတ်ဆိုခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❖

# သံတွဲမြို့၌ MSME ထုတ်ကုန်ပြပွဲ၊ ရောင်းချပွဲနှင့် တေးဂီတဖျော်ဖြေပွဲ လာရောက်ကြည့်ရှုသူများဖြင့် စည်ကား

**သံတွဲ ဖေဖော်ဝါရီ ၁၂**

ရခိုင်ပြည်နယ် သံတွဲခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သံတွဲမြို့နယ် MSME ထုတ်ကုန်ပြပွဲ၊ ရောင်းချပွဲနှင့် စင်တင်တေးဂီတဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၃ ရက်အထိ သံတွဲမြို့မအားကစားကွင်း၌ ကျင်းပလျက်ရှိရာ လာရောက်ကြည့်ရှုအားပေးသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ သံတွဲမြို့နယ် MSME ထုတ်ကုန်ပြပွဲ၊ ရောင်းချပွဲတွင် ဌာနဆိုင်ရာများ၊ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၏ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဒေသထုတ်ကုန်များ၊ ဈေးအရောင်းဆိုင်ခန်းများ စုစုပေါင်း ၃၀ ကျော်၊ ရခိုင်ရိုးရာဒေသမုန့်မျိုးစုံများအား ခင်းကျင်းပြသ ရောင်းချလျက်ရှိသည့်အပြင် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒေသခံဝါသနာရှင်များ၏ STAR MUSIC BANDနှင့် The One Music Band စင်တင်တေးဂီတအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်**

တိုင်းရင်းသားများ စည်းလုံးအားဖြင့် လက်တွဲမပျက် ရှေ့သို့ဆက်

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားများ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ယနေ့တွင် ကျရောက်သည့် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတို့၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုခြင်းများ ဆောင်ရွက်ကြပြီး နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို သက်ဆိုင်ရာတာဝန်ရှိသူများက ဖတ်ကြားကြသည်။

ထို့နောက် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမှုစသည့် ပြခန်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့နှင့် သက်ဆိုင်သည့် ပြခန်းများနှင့် သုတ၊ ရသ၊ စာစောင်ပြခန်းများကို လည်းကောင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများကို လည်းကောင်း တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့် အတူ လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့ပြင် (၇၆)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး တက်ရောက်လာသူများကို တိုင်းရင်းသားရိုးရာ အစားအစာ စတုဒိသာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။

ညပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့၌ ရောင်စုံမီးပန်းအလှများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်းဒိုးစင်မြင့်၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပဒေသာကပွဲ ကျင်းပစဉ်။ ပြည်နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဆုရရှိသူတစ်ဦးအား ထူးချွန်ဂုဏ်ထူးဆောင်လက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ တိုင်းဒေသကြီး(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကန်သာယာကန်ရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပစဉ်။ တိုင်းဒေသကြီး(ပြန်/ဆက်)



ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်



ရခိုင်ပြည်နယ် စစ်တွေမြို့ ဝေသာလီအားကစားကွင်း၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဌာနဆိုင်ရာများနှင့် စာအုပ်၊ စာပေပြခန်းများ၊ ရခိုင်ရိုးရာ(ပိုင်စရာ) အစားအစာပြခန်းများ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ ခရိုင်(ပြန်/ဆက်)



မွန်ပြည်နယ် မော်လမြိုင်မြို့၌ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်

# ပြည်ထောင်စုနေ့အထိမ်းအမှတ်ကျင်းပရာ ပြည်သူ့ရင်ပြင်အတွင်း လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိ



ဝန်ကြီးဌာနကိုယ်စားပြုပြခန်းများ၌ လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကျင်းပရာ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်း တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ပြခန်းများ၊ ရိုးရာစားသောက်ဆိုင်ခန်းများ၊ ဝန်ကြီးဌာနအသီးသီးမှ ဖွင့်လှစ်ထားသည့်ပြခန်းများနှင့် စက်မှုဇုန်အသီးသီးမှ ထုတ်ကုန်များ ရောင်းချသည့် စက်မှုဇုန်ထုတ်ကုန်ပစ္စည်းများ ဈေးရောင်းပွဲတော်ကို ကျင်းပလျက်ရှိရာ လာရောက် လည်ပတ်ကြသူ၊ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

**စည်ကားလျက်ရှိ**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး ကိုယ်စားပြုပြခန်းများ၊ အစားအသောက် ဆိုင်ခန်းများတွင် တောင်ပေါ်မြေပြန့်ဒေသ သွေးချင်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ရိုးရာ၊ ဓလေ့ထုံးစံများ၊ လူနေမှုပုံစံ၊ လုပ်ကိုင်စားသောက်ပုံ၊ စာပေယဉ်ကျေးမှု၊ အနုပညာ၊ ဝတ်စားဆင်ယင်မှုများ၊ စားသောက်ဖွယ်ရာများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာသူ၊ မြည်းစမ်းစားသုံးသူတို့ဖြင့် စည်ကားလျက်ရှိသည်။

ရှမ်းပြည်နယ် ကိုယ်စားပြုပြခန်းအတွင်းရေးမှူး ဦးစိုးညွန့်ရွှေက "အခုလာကြည့်တဲ့ ပရိသတ်တွေအကုန်လုံးက တိုင်းရင်းသားတွေရဲ့ရိုးရာယဉ်ကျေးမှုဓလေ့တွေ၊ ဝတ်စားဆင်ယင်မှုတွေကို ပိုပြီး စိတ်ဝင်စားတာ တွေ့ရပါတယ်။ သိပ်မမြင်ဖူးတာကြောင့် လည်း ပါပါတယ်။ ဒါတွေကို သူတို့အဓိက လာကြည့်ပါတယ်။ ပြီးတော့ ဓာတ်ပုံတွေ တွဲပြီးရိုက်ကြတယ်။ အဓိကကတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ ဝတ်စားဆင်ယင်မှုတွေကို သူတို့တွေ သဘောကျကြတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ပြခန်းမှာ အဓိကစိတ်အဝင်စားဆုံးကတော့ ရှေ့မှာပြထားတဲ့ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုနဲ့ တိုင်းရင်းသားရိုးရာ အကတစ်ခုဖြစ်တဲ့ တိုးနရားအက တိုးနရားအရုပ်ကြီးကို တော်တော် စိတ်ဝင်စားကြပါတယ်။

"နောက်ပြကွက်တစ်ခုကတော့ ကျွန်တော်တို့ ရှမ်းပြည်နယ် အင်းလေးဒေသမှာရှိတဲ့ ကြာချည်ထုတ်လုပ်မှုအဆင့်ဆင့် ပေါ့နော်။ ကြာရိုးကနေ ကြာချည်အဆင့်ဆင့် ထုတ်လုပ်တယ်။ နောက်ဆုံး ကြာတဘက်လုပ်တဲ့အဆင့်ထိပေါ့နော်။ ဒါတွေကိုပြည်သူတွေ တော်တော် စိတ်ဝင်တစားလေ့လာကြည့်ရှုကြတာတွေ့ရပါတယ်"ဟု ပြောသည်။



ဦးစိုးညွန့်ရွှေ



ဒေါက်တာခင်သော်တာဝင်း



ဒေါ်သန်းသန်းလှ



မောင်စည်သူမောင်

ထို့ပြင် ဝန်ကြီးဌာနပြခန်းအသီးသီးတွင် အမှတ်တရဓာတ်ပုံရိုက်သူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ကျန်းမာရေးဆိုင်ရာ၊ မီဒီယာနှင့် ပုံနှိပ်ထုတ်ဝေမှု၊ ရုပ်သံထုတ်လွှင့်မှု၊ စက်မှု၊ လက်မှုပစ္စည်းများ ထုတ်လုပ်မှု၊ ဆေးဝါးထုတ်လုပ်မှု၊ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ၊ လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေး ကဏ္ဍ၊ ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ၊ သဘာဝအလှအပများ ပုံဖော်ထားသည့် ပြကွင်းပြကွက်များနှင့် ပတ်သက်၍ လာရောက်ကြည့်ရှုကြသူများက ၎င်းတို့စိတ်ဝင်စားသည့်အကြောင်းအရာများကို သိလိုသမျှ မေးမြန်းကြရာတွင် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

စက်မှုဝန်ကြီးဌာန ကိုယ်စားပြုပြခန်းမှဒေါက်တာခင်ပပစိုး(ဒုတိယညွှန်ကြားရေးမှူး)က "မကြာခင်ဖွင့်မယ့် သင်တန်းကျောင်းက ငါးကျောင်းရှိပါတယ်။ ဒီသင်တန်းကျောင်းတွေနဲ့ ပတ်သက်ပြီး ဒီပြပွဲမှာ စုံစမ်းလို့ရပါတယ်။ တစ်ခါတည်း ဝင်ခွင့်လျှောက်သွားမယ်ဆိုလည်း ရပါတယ်။ ကိုးတန်းအောင် ၁၀ တန်း ဖြေဖူးတဲ့သူ။ အသက်ကလည်း ၁၇ နှစ်ကနေ ၂၅ နှစ်အတွင်း ကလေးတွေ။ အထူးသဖြင့် စက်မှုနည်းပညာ တစ်နှစ်သင်တန်းတွေပါ၊ ဒီမှာ တစ်ခါတည်း လျှောက်လွှာဖြည့်ပြီး တင်သွားလို့ရပါတယ်။ တက်ခွင့်ရတယ်ဆို ပြန်ပြီး ဆက်သွယ်ပေးမှာပါ။ ဒီပြပွဲကနေ လုပ်ငန်းပိုင်းဆိုင်ရာလုပ်ငန်းတွေလည်း ချိတ်ဆက်ဆောင်ရွက်နိုင်အောင် စီစဉ်ထားတာတွေလည်း ရှိပါတယ်" ဟု ပြောသည်။

ပြည်သူ့ ရင်ပြင်အတွင်း တိုင်းရင်းသားများနှင့် ဝန်ကြီးဌာနများ၏ ပြကွင်းပြကွက်များ သာမက တစ်ဖက်ခြမ်းတွင် ဖွင့်လှစ်ထားသည့် စက်မှုဇုန်အသီးသီးမှ လာရောက်ရောင်းချသည့် စက်မှုဇုန် ထုတ်ကုန်ပစ္စည်းများ ဈေးရောင်းပွဲတော်သို့လည်း လာရောက်ကြသည့် အရေအတွက်မှာ ယခင်နေ့ကထက်ပင် ပိုမိုများပြားနေသည်ကို တွေ့မြင်ရသည်။

**ခင်းကျင်းရောင်းချ**

အဆိုပါ စက်မှုထုတ်ကုန် ဈေးရောင်းပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် ၂၉ ခုမှ စက်မှုထုတ်ကုန် ပစ္စည်းများရောင်းချသည့်ဆိုင်ခန်းပေါင်း ၃၂၂ ခန်းနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့မှ အသေးစား၊ အငယ်စား၊ အလတ်စားထုတ်ကုန် ဆိုင်ခန်းပေါင်း ၃၈ ခန်း စုစုပေါင်း ဆိုင်ခန်းပေါင်း ၃၈၇ ခန်းအား ခင်းကျင်းရောင်းချလျက်ရှိသည်။

ဆိုင်ခန်းများနေရာချ ခင်းကျင်းထားမှုနှင့် ပတ်သက်၍ ဈေးရောင်းပွဲတော်တာဝန်ခံ ဒေါက်တာခင်သော်တာဝင်းက "ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စက်မှုဇုန် ၂၉ ခုတည်ရှိတဲ့ မြေပုံအတိုင်း ရန်ကုန်အရှေ့ခြမ်းမှာရှိတဲ့ ဇုန်တွေကို အေနဲ့ ဘီ အတန်းဘက်ချထားပြီး မြောက်ပိုင်းမှာရှိတဲ့ ဇုန်တွေကိုတော့ စီနဲ့ ဒီ အတန်း အနေနဲ့ နေရာချထား ပေးထားပါတယ်။ စက်မှုဇုန် ၂၉ ခုက စက်မှုထုတ်ကုန်တွေနဲ့ အခြားပြည်နယ်နဲ့ တိုင်းတွေကတော့ ဒေသထွက် လက်မှုထုတ်ကုန်တွေ ရောင်းချပေးတာဖြစ်ပါတယ်"ဟု ပြောသည်။

ဈေးပွဲတော်တွင် စက်မှုဇုန်အသီးသီးမှ ဖွင့်လှစ်ထားသည့် စားသောက်ကုန်၊ အဝတ်အထည်၊ အိမ်ဆောက်ပစ္စည်း၊ ပရိဘောဂအမျိုးမျိုး၊ ပလတ်စတစ်ပစ္စည်း၊ သံထည်၊ အိမ်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ စာအုပ်ဆိုင်များ၊ ဆေးဝါးဆိုင်ခန်းများ စသည်တို့တွင်သာမက အခြေခံစားကုန်ဖြစ်သည့် ဆန်နှင့် စားသုံးဆီ ရောင်းချသည့် ဆိုင်များတွင်လည်း ရောင်းသူ ဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းက ရောင်းချသည့်ဆိုင်တွင် ဈေးဝယ်နေသည့် ဒေါ်သန်းသန်းလှက "ရန်ကုန်တစ်ဖက်ကမ်း ဒလက လာတာပါ၊ ဒီနေ့မှ လာတာပါ။ ဒီမှာ ဆီလေးဝယ်တယ်။ ဈေးနှုန်းလေးလည်း သက်သာတယ်။ ပြခန်းတွေကတော့ တိုင်းရင်းသားပြခန်း၊ မကွေးတိုင်းပြခန်းတို့ အဲဒါတွေတော့ ကြည့်ပြီးပါပြီ။ မြင်တာတော့ ကိုယ်လိုချင်တာရှိရင်ဝယ်မှာပဲ၊ ဈေးက အပြင်ထက်သက်သာပါတယ်။ ဈေးပွဲတော်ကို လာရတာပျော်ပါတယ်" ဟု ပြောသည်။

ပဲခူးတိုင်းဒေသကြီးမှ ဈေးပွဲတော်သို့ လာရောက်လည်ပတ်သည့် မောင်စည်သူမောင်က "ဘောင်းဘီတို့၊ အဝတ်အထည်တို့ ဝယ်ခဲ့တယ်။ တခြားပြခန်းတွေတော့ မကြည့်ရသေးဘူး။ ဝယ်ရတာ အဆင်ပြေပါတယ်" ဟု ပြောသည်။

**မီးရောင်စုံထွန်းညှိထား**

ညနေပိုင်း တွင်လည်း ပြည်ထောင်စုနေ့ အထိမ်းအမှတ်ကျင်းပရာ ပြည်သူ့ရင်ပြင်အတွင်း ပြပွဲ၊ ဆိုင်ခန်းများ လာရောက်သူများ၊ မီးရောင်စုံထွန်းညှိထားသည့် ဆင်ရုပ်ပုံ ရေပန်း၊ တိုင်းရင်းသားစုံတွဲပုံ ရုပ်ပုံလေးများ၊ ပန်းပင်လေးများဖြင့် ဓာတ်ပုံရိုက်သူများ၊ တေးဂီတဖျော်ဖြေမှုများကို လာရောက်ကြည့်ရှုသူများနှင့် ဈေးပွဲတော်သို့ လာရောက်သူများဖြင့် စည်ကားလျက်ရှိသည်။

**သတင်း – နဒီမင်း**

**ဓာတ်ပုံ – တင်စိုး(မြန်မာ့အလင်း)**



တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းနှင့် တိုင်းရင်းသားရိုးရာအစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်းအရောင်းပြခန်းများ ဆက်လက်ပြသ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်းအရောင်းပြခန်းများကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ ယနေ့ တတိယနေ့တွင် လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

**ခင်းကျင်းပြသထား**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းများ၊ ရိုးရာအစားအစာပြခန်းများပြပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ငါးရက်တိုင်တိုင် နံနက် ၉ နာရီမှ ည ၁၀ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပွဲတော်၌ ဝန်ကြီးဌာနပြခန်း ၂၅ ခန်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်း ၁၅ ခန်း၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်း ၁၅ ခန်း စုစုပေါင်း ၅၅ ခန်းနှင့် MSME ထုတ်ကုန်များအရောင်းပြခန်း ၃၈၂ ခန်း စုစုပေါင်း ၄၃၇ ခန်း ခင်းကျင်းပြသထားကာ တိုင်းရင်းသာရိုးရာအကများ၊ ရုပ်ရှင်အနုပညာရှင်များ၊ စတီရီယိုတေးသံရှင်များ၊ မျိုးဆက်သစ်အဆိုရှင်များကလည်း ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်သည်။

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများ တိုင်းရင်းသားရိုးရာအစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်းအရောင်းပြခန်းများကို စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ ပြည်သူများအနေဖြင့် အခမဲ့ လာရောက်လည်ပတ်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းနှင့် ဈေးရောင်းပွဲတော်တွင် လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



အလုပ်သမားဝန်ကြီးဌာန ပြခန်းတွင် လေ့လာကြည့်ရှုသူများကို တွေ့ရစဉ်။



ပညာရေးဝန်ကြီးဌာန ပြခန်းတွင် ကျောင်းသား ကျောင်းသူများ လေ့လာကြည့်ရှုနေမှုကို တွေ့ရစဉ်။





ပြန်ကြားရေးဝန်ကြီးဌာန ပြခန်းတွင် လေ့လာကြည့်ရှုသူများကို တွေ့ရစဉ်။



ပြည်ထဲရေးဝန်ကြီးဌာန ပြခန်းတွင် လာရောက်လေ့လာကြည့်ရှုသူများကို တွေ့ရစဉ်။

# ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ လှိုင်မြို့နယ်နှင့် အင်းစိန်မြို့နယ်တို့ရှိ အပြစ်မဲ့ပြည်သူများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ပြီး အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော လှိုင် PDF အမည်ခံအကြမ်းဖက်အဖွဲ့မှ တရားခံများအား ဖမ်းဆီးရမိ

## ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော လှိုင် PDF အမည်ခံအကြမ်းဖက်အဖွဲ့မှ တရားခံများအား ဖမ်းဆီးရမိမှု အခြေပြဇယား




**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသာ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူပိုင်ပစ္စည်းများအား ဓားပြတိုက်လုယက်ခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၂) ရပ်ကွက် ဓာတုဗေဒလမ်းရှိ မြတ်မိဘကုမ္ပဏီ ရွှေဝါဆပ်ပြာစက်ရုံ ဒုအထွေထွေမန်နေဂျာ ဦးမြင့်စိုး (စစ်မှုထမ်းဟောင်း-ငြိမ်း)သည် ဘတ်စ်ကားဂိတ်မှ စက်ရုံသို့ လမ်းလျှောက်လာစဉ် လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက် ဘုရင့်နောင်လမ်း ရတနာမွန်အိမ်ရာ တိုက်အမှတ်(၃/အေ)ရှေ့အရောက်တွင် စက်ဘီးစီးနင်းလာသော အကြမ်းဖက်သမား နှစ်ဦးက ပစ္စတိုဖြင့် အကြောင်းမဲ့ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

### ဖမ်းဆီးရမိ

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏ ပူးပေါင်းပါဝင်သတင်းပေးမှုများကြောင့် ဦးမြင့်စိုးအား လုပ်ကြံသတ်ဖြတ်ရာတွင် ပါဝင်ခဲ့သည့် တရားခံ **တင်စိုး(ခ)ဘိုးတော်**အား ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲပိုင်းတွင် လှိုင်မြို့နယ် အမှတ်(၃)ရပ်ကွက် အေးရိပ်မွန်လမ်းမပေါ်၌ လည်းကောင်း၊ အကြမ်းဖက်အဖွဲ့ဝင်များနှင့် ချိတ်ဆက်ပေးခဲ့သူ တရားခံ **အေးသိန်း**အား ယင်းနေ့ညနေပိုင်းတွင် လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက် ဓာတုဗေဒလမ်းရှိ ရွှေဝါဆပ်ပြာစက်ရုံဝင်းအတွင်းရှိ နေအိမ်၌ လည်းကောင်း၊ တရားခံ **ချစ်ကို** အား ယင်းနေ့ညပိုင်းတွင် ကမာရွတ်မြို့နယ် အမှတ်(၈)ရပ်ကွက် ခေမာလမ်း တိုက်အမှတ်(၉) အခန်းအမှတ်(ဘီ/၄)၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ လုပ်ကြံသတ်ဖြတ်မှုဖြစ်စဉ်တွင် လက်နက်/ခဲယမ်းများ ပေးအပ်ခဲ့သည့် လှိုင် PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် **အောင်ဇော်လင်း(ခ)အောင်ကြီး** အား ဖေဖော်ဝါရီ ၈ ရက် ညပိုင်းတွင် လှိုင်သာယာမြို့နယ် ရမည်းသင်းလမ်း အမှတ်(၁၄၇၀/က)နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ အောင်ဇော်လင်း(ခ) အောင်ကြီး၏ ထွက်ဆိုချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှုများ ကျူးလွန်ခဲ့သည့် လှိုင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **အောင်ခန့်ဖြိုး(ခ)မိုးတိမ်** နှင့် **ပြည့်ဖြိုးငြိမ်း(ခ)ကိုကင်း** တို့ နှစ်ဦးကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲပိုင်းတွင် သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/က) ရပ်ကွက် သမာဓိ(၁)လမ်း အမှတ်(၅၅၆)နေအိမ်၌ လည်းကောင်း၊ **ညီညီထွေး(ခ)သံချောင်း** အား လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် တေးဥယျာဉ် (၁၈)လမ်း အခန်းအမှတ်(ဒီ/၁၀)၌ လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ လုပ်ကြံသတ် ဖြတ်ခဲ့သည့် တရားခံ ကျား ခုနစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ လှိုင် PDF အမည်ခံအကြမ်းဖက် အဖွဲ့ဝင်များဖြစ်သော အောင်ဇော်လင်း(ခ)အောင်ကြီး၊ အောင်ခန့်ဖြိုး(ခ) မိုးတိမ်၊ ပြည့်ဖြိုးငြိမ်း(ခ)ကိုကင်း နှင့် ညီညီထွေး(ခ) သံချောင်း တို့လေးဦးသည် ၂၀၂၁ ခုနှစ် အောက်တိုဘာလခန့်တွင် KNLA တပ်မဟာ(၂) ရင်း(၆)နယ်မြေ၌ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တစ်လ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

### ဖွဲ့စည်းခဲ့

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၁ ခုနှစ် ဇွန်လခန့်တွင် လှိုင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့အား NLD ပါတီမှ အင်းစိန်မြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဟောင်း ဖမ်းဆီးရန်ကျန်တရားခံ **ဝေဖြိုးဟန်**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ကြိုးကြာ(ခ)သန်းဝင်းထွန်း (ခ)ဘိုဘား**တို့ ခေါင်းဆောင်၍ အောင်ဇော်လင်း(ခ) အောင်ကြီး၊ အောင်ခန့်ဖြိုး(ခ)မိုးတိမ်၊ ပြည့်ဖြိုးငြိမ်း (ခ)ကိုကင်း၊ ညီညီထွေး(ခ)သံချောင်းနှင့် ဖမ်းဆီးရန် ကျန်တရားခံများဖြစ်သော **မောင်ဇော်(ခ) လှိုင်ဘွား၊ Snake ၊ ပူတင်၊ စိုင်းရပ်၊ အေကော** နှင့် **ကြက်ဖကြီး** တို့ ပါဝင်သော အဖွဲ့ဝင် ၁၂ ဦးဖြင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေရန် ရည်ရွယ်၍ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်ရန် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် မြတ်မိဘကုမ္ပဏီ ရွှေဝါဆပ်ပြာစက်ရုံ အရောင်းကိုယ်စားလှယ်ဝန်ထမ်းအဖြစ်လုပ်ကိုင်နေသူ ချစ်ကိုသည် စက်ရုံ ဒုအထွေထွေမန်နေဂျာ ဦးမြင့်စိုးအပေါ် ပုဂ္ဂိုလ်ရေးမကျေနပ်ချက်များဖြင့် ဒလန်ဟုစွပ်စွဲ၍ စက်ရုံဝန်ထမ်းဟောင်းများဖြစ်သည့် တင်စိုး(ခ)ဘိုးတော်နှင့် အေးသိန်းမှတစ်ဆင့် လှိုင် PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် အောင်ဇော်လင်း(ခ)အောင်ကြီးထံသို့ ဆက်သွယ်ကာ ဦးမြင့်စိုးအား လုပ်ကြံသတ်ဖြတ်ရန်အတွက် ဦးမြင့်စိုး၏ နေထိုင်သွားလာမှုအခြေအနေများကို သတင်းပေးပို့ခဲ့ကြောင်းနှင့် လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုခဲ့သည့် ပစ္စတိုသေနတ်အား တင်စိုး(ခ)ဘိုးတော် သည် အောင်ဇော်လင်း(ခ) အောင်ကြီးထံမှ ကြိုတင်ယူဆောင်၍ ၎င်း၏နေအိမ်တွင် သိမ်းဆည်းပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၃၀ ရက် ၄ နာရီခွဲတွင် တင်စိုး(ခ) ဘိုးတော်သည် ပစ္စတိုသေနတ်အား အောင်ဇော်လင်း (ခ)အောင်ကြီး ထံသို့ လှိုင်မြို့နယ် အေးရိပ်မွန်လမ်းနှင့် ရတနာမွန်(၇)လမ်းအနီး၌ သွားရောက် ပေးအပ်ခဲ့ပြီး အောင်ဇော်လင်း(ခ)အောင်ကြီးသည် အဆိုပါ ပစ္စတိုသေနတ်အား ချောင်း၀ ကားမှတ်တိုင်အနီး၌ အသင့်စောင့်ဆိုင်းနေသည့် လှိုင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန်တရားခံ မောင်ဇော်(ခ)လှိုင်ဘွားနှင့် Snake ထံသို့ ထပ်မံပေးအပ်ခဲ့ကြောင်း၊ ၅ နာရီ ၄၅ မိနစ်ခန့်တွင် မောင်ဇော်(ခ)လှိုင်ဘွားနှင့် Snake တို့ နှစ်ဦးသည် ကားမှတ်တိုင်မှ လမ်းလျှောက်လာသော ဦးမြင့်စိုးအား ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် အောင်ဇော်လင်း (ခ)အောင်ကြီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အခြေအနေအား စောင့်ကြည့်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ လှိုင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် စစ်မှုထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်မှု ၁၀ ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

(က) ၂၀၂၂ ခုနှစ် ဇူလိုင် ၄ ရက်တွင် ကမာရွတ်မြို့နယ် အမှတ်(၃) ရပ်ကွက် လှည်းတန်း (၂)လမ်းထိပ်၌ အပြစ်မဲ့ပြည်သူ သုံးဦးအား ဒလန်ဟုစွပ်စွဲ၍ ပြည့်ဖြိုးငြိမ်း(ခ) ကိုကင်းနှင့် ညီညီထွေး(ခ)သံချောင်း တို့က ပစ္စတိုဖြင့် အကြောင်းမဲ့ ပစ်ခတ် လုပ်ကြံသတ်ဖြတ်ခဲ့ပြီး အပြစ်မဲ့ ပြည်သူ နှစ်ဦးသေဆုံး၍ တစ်ဦးဒဏ်ရာရရှိခဲ့မှုတွင် အောင်ဇော်လင်း (ခ)အောင်ကြီးမှ အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။

( ခ ) ဇူလိုင် ၁၅ ရက်တွင် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ဦးအောင်ပွင့်လမ်း၌ ရာအိမ်မှူး ဦးခင်မောင်လတ်(ခ)ကိုလတ် အား ဒလန်ဟုစွပ်စွဲ၍ ပြည့်ဖြိုးငြိမ်း(ခ) ကိုကင်းနှင့် ညီညီထွေး(ခ) သံချောင်း တို့က ပစ္စတိုဖြင့် အကြောင်းမဲ့ ပစ်ခတ် လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် အောင်ဇော် လင်း(ခ)အောင်ကြီးမှ အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။

( ဂ ) ဇူလိုင် ၁၈ ရက်တွင် လှိုင်မြို့နယ် အမှတ် (၂)ရပ်ကွက် ဘုရင့်နောင် (၉)လမ်းပေါ်၌ တပ်မတော်မှအရာရှိ တစ်ဦးနှင့် ဇနီး ဖြစ်သူတို့အား ဖမ်းဆီးရန်ကျန်တရားခံ **မောင်ဇော်(ခ)လှိုင်ဘွားနှင့် Snake** တို့က ပစ္စတိုဖြင့် အကြောင်းမဲ့ ပစ်ခတ်လုပ်ကြံ သတ်ဖြတ်ရာတွင် အောင်ဇော်လင်း(ခ) အောင်ကြီးမှ အခြေအနေ စောင့်ကြည့် ပေးခဲ့ကြောင်း။

(ဃ ) ဩဂုတ် ၃၀ ရက်တွင် အင်းစိန်မြို့နယ် ဈေးကုန်း(အရှေ့) ရပ်ကွက် အင်းစိန် ဈေးအနီး၌ အပြစ်မဲ့ပြည်သူတစ်ဦးအား ဖမ်းဆီးရန်ကျန်တရားခံ **မောင်ဇော်(ခ) လှိုင်ဘွား**နှင့် **စိုင်းရပ်** တို့က ပစ္စတိုဖြင့် အကြောင်းမဲ့ပစ်ခတ်လုပ်ကြံသတ်ဖြတ် ခဲ့ရာတွင် အောင်ဇော်လင်း (ခ) အောင်ကြီးမှ အခြေအနေစောင့်ကြည့် ပေးခဲ့ကြောင်း။

**စာမျက်နှာ ၁၅ သို့** ❖



၂၀၂၂ ခုနှစ် ဇူလိုင် ၄ ရက်တွင် ကမာရွတ်မြို့နယ် (၃)ရပ်ကွက် လှည်းတန်း(၂)လမ်းထိပ်၌ အပြစ်မဲ့ပြည်သူ တစ်ဦးအား အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့သဖြင့် ဒေါ်တင်ဌွေးလှိုင် (၄၀)နှစ် (သေဆုံး) မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် မရမ်းကုန်းမြို့နယ် ဦးအောင်ပွင့်လမ်းပေါ်၌ ရာအိမ်မှူး တစ်ဦးအား အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့သဖြင့် ရာအိမ်မှူး ဦးခင်မောင်လတ်(၅၃)နှစ်(သေဆုံး) မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် လှိုင်မြို့နယ် (၂)ရပ်ကွက် ဘုရင့်နောင်(၉)လမ်းပေါ်၌ တပ်မတော် အရာရှိ တစ်ဦးနှင့် အပြစ်မဲ့ပြည်သူ တစ်ဦးတို့အား အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့သဖြင့် ဗိုလ်ကြီး အောင်နိုင်ဖြိုး (သေဆုံး)၊ မဂျူးဂျူးအောင်(သေဆုံး) မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် အင်းစိန်မြို့နယ် ဈေးကုန်းအရှေ့ရပ်ကွက် အင်းစိန်ဈေးအနီး၌ အပြစ်မဲ့ပြည်သူ တစ်ဦးအား အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့သဖြင့် မျိုးမင်းခန့် (၂၀)နှစ် (သေဆုံး) မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက် ရတနာလမ်း၌ ရာအိမ်မှူး တစ်ဦးအား အကြမ်းဖက်သမားများက သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့သဖြင့် ရာအိမ်မှူး ဦးအောင်စိုး (၆၁)နှစ် (သေဆုံး) မှတ်တမ်းဓာတ်ပုံ။



ဗိုလ်ကြီး မင်းဆွေ(သေဆုံး)



တပ်သား အောင်ကိုမင်း(သေဆုံး)



ဒေါ်ရတနာဦး(၃၁)နှစ်(သေဆုံး)

၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက် ဗဟိုလမ်းထောင့်နှင့် ပေါင်းစည်းလမ်းထောင့်၌ လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးနှင့် အပြစ်မဲ့ပြည်သူ တစ်ဦးတို့အား အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်(၁)ရပ်ကွက် တပင်ရွှေထီးလမ်း၌ စစ်မှုထမ်းဟောင်းတစ်ဦးအား အကြမ်းဖက်သမားများက သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့သဖြင့် ဦးသိန်းမြင့်ဦး(စစ်မှုထမ်းဟောင်း)(၃၈) နှစ်(စိုးရိမ်ရ) မှတ်တမ်းဓာတ်ပုံ။



ဇန်နဝါရီ ၂၅ ရက်တွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်(၁)ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် အမှတ်(၂) လမ်းထောင့်၌ စစ်မှုထမ်းဟောင်းတစ်ဦးနှင့် အပြစ်မဲ့ပြည်သူတစ်ဦးအား အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့သဖြင့် ဦးကျော်မင်းသန်း(စစ်မှုထမ်းဟောင်း)(သေဆုံး)နှင့် ဒေါ်နော်စောမြတ်မွန်(သေဆုံး)မှတ်တမ်းဓာတ်ပုံ။



ဇန်နဝါရီ ၃၀ ရက်တွင် လှိုင်မြို့နယ် အမှတ်(၂) ရပ်ကွက် ဘုရင့်နောင်လမ်း ရတနာမွန်အိမ်ရာ၌ စစ်မှုထမ်းဟောင်းတစ်ဦးအား အကြမ်းဖက်သမား များက သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ သဖြင့် ဦးမြင့်စိုး(စစ်မှုထမ်းဟောင်း)(၆၂)နှစ် (သေဆုံး)မှတ်တမ်းဓာတ်ပုံ။



ဖေဖော်ဝါရီ ၃ ရက်တွင် လှိုင်မြို့နယ် အမှတ်(၁) ရပ်ကွက် ဇေယျမင်္ဂလာ(၂)လမ်း၌ မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးအား အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့သဖြင့် ဦးလူအေး (၄၆) နှစ်(သေဆုံး)မှတ်တမ်းဓာတ်ပုံ။

❖ စာမျက်နှာ ၁၄ မှ

( င ) စက်တင်ဘာ ၁၇ ရက်တွင် လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက် ရတနာလမ်း၌ ရာအိမ်မှူး ဦးအောင်စိုးအား ပြည့်ဖြိုးငြိမ်း(ခ) ကိုကင်းနှင့် ညီညီထွေး(ခ) သံချောင်း တို့က ပစ္စတိုဖြင့် အကြောင်းမဲ့ ပစ်ခတ် လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် အောင်ဇော်လင်း(ခ)အောင်ကြီးက အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

( စ ) အောက်တိုဘာ ၆ ရက်တွင် မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် တပင်ရွှေထီးလမ်း၌ စစ်မှုထမ်းဟောင်း ဦးသိန်းမြင့်ဦးအား ညီညီထွေး(ခ) သံချောင်းနှင့် ဖမ်းဆီးရန်ကျန်တရားခံ **အေကေ**တို့က ပစ္စတိုဖြင့် အကြောင်းမဲ့ ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် အောင်ဇော်လင်း(ခ)အောင်ကြီးက အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

(ဆ) အောက်တိုဘာ ၂၀ ရက်တွင် လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက် ဗဟိုလမ်းထောင့်နှင့် ပေါင်းစည်းလမ်းထောင့်၌ လုံခြုံရေး တပ်ဖွဲ့ဝင် နှစ်ဦးနှင့် အပြစ်မဲ့ပြည်သူ တစ်ဦးတို့အား အောင်ခန့်ဖြိုး (ခ)မိုးတိမ်နှင့် ပြည့်ဖြိုးငြိမ်း(ခ)ကိုကင်းတို့က ပစ္စတိုဖြင့် အကြောင်းမဲ့ ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် အောင်ဇော်လင်း (ခ)အောင်ကြီးက အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။

( ဇ ) ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်(၁) ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် အမှတ်(၂)လမ်းထောင့်၌ စစ်မှုထမ်းဟောင်း ဦးကျော်မင်းသန်းနှင့် ဇနီးဖြစ်သူ ဒေါ်နော်စောမြတ်မွန်တို့အား ဖမ်းဆီးရန်ကျန်တရားခံ **မောင်ဇော် (ခ)လှိုင်ဘွားနှင့် ကြက်ဖကြီး**တို့က ပစ္စတိုဖြင့် အကြောင်းမဲ့ပစ်ခတ် လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင်အောင်ဇော်လင်း(ခ)အောင်ကြီးကအခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

(ဈ) ဇန်နဝါရီ ၃၀ ရက်တွင် လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက် ဘုရင့်နောင်လမ်း ရတနာမွန်အိမ်ရာ၌ စစ်မှုထမ်းဟောင်း ဦးမြင့်စိုးအား ဖမ်းဆီးရန်ကျန်တရားခံ **မောင်ဇော်(ခ)လှိုင်ဘွားနှင့် Snake** တို့က ပစ္စတိုဖြင့် အကြောင်းမဲ့ပစ်ခတ် လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် အောင်ဇော်လင်း(ခ)အောင်ကြီးက အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။

(ည) ဖေဖော်ဝါရီ ၃ ရက်တွင် လှိုင်မြို့နယ် အမှတ်(၁)ရပ်ကွက် ဇေယျမင်္ဂလာ(၂) လမ်း၌ မီးသတ်တပ်ဖွဲ့ဝင် ဦးလူအေးအား ဖမ်းဆီးရန်ကျန်တရားခံ **စိုင်းရပ်နှင့်ကြက်ဖကြီး**တို့က ပစ္စတိုဖြင့်အကြောင်းမဲ့ ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ရာတွင် အောင်ဇော်လင်း(ခ)အောင်ကြီးက အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အဆိုပါ လုပ်ကြံသတ်ဖြတ်ခြင်းများအား NLD ပါတီမှ အင်းစိန်မြို့နယ် အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဟောင်း ဖမ်းဆီးရန်ကျန်တရားခံ **ဝေဖြိုးဟန်**က ခိုင်းစေခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောလက်နက်/ခဲယမ်းနှင့် ငွေကြေးများအား **ဝေဖြိုးဟန်**သည် ၎င်းတို့ လှိုင် PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များဖြစ်သော **ကြိုးကြာ(ခ)သန်းဝင်းထွန်း(ခ)ဘိုဘား**နှင့် ပူတင်တို့မှတစ်ဆင့် အခြားအဖွဲ့ဝင်များထံသို့ လုပ်ကြံသတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နိုင်မှုအပေါ် မူတည်၍ ငွေကျပ်၅၀၀၀၀ မှ ငွေကျပ်၂၀၀၀၀၀ အထိ အသီးသီးခွဲဝေ ထောက်ပံ့ပေးကြောင်းနှင့် လက်နက်/ခဲယမ်းများအား လုပ်ငန်းပြီးဆုံးပါက **ကြိုးကြာ(ခ)သန်းဝင်းထွန်း(ခ)ဘိုဘား**ထံ ပြန်လည်အပ်နှံပေးရကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများအတိုင်း ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်အထောက်အကူပြုသိကောင်းစရာများ

ဒေါက်တာယဉ်မောင်မောင် ပါမောက္ခ(ဌာနမှူး) ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ရူပဗေဒဘာသာရပ်ဖြေဆိုရာမှာ အထောက်အကူပြုစေမည့် သိမှတ်ဖွယ်ရာများကို(ဆွေးနွေးပို့ချ)အသိပေး ပြောကြားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံး ရူပဗေဒဘာသာရပ်မေးခွန်းပုံစံကို ရှင်းပြမှာဖြစ်ပါတယ်။

ရူပဗေဒမေးခွန်းမှာ SECTION (A) နဲ့ SECTION (B) ဆိုပြီး အပိုင်းနှစ်ပိုင်း ပါရှိပါတယ်။

- SECTION (A) အပိုင်းက (၄) မှတ်တန် မေးခွန်း (၉) ပုဒ်ပါရှိပြီး အားလုံးဖြေဆိုရမှာ ဖြစ်ပါတယ်။
- SECTION (B) မှာတော့ နံပါတ် (၁၀) ကနေပြီး နံပါတ် (၁၅) အထိ မေးခွန်း (၆) ပုဒ် မေးထားပါတယ်။ မေးခွန်း (၁) ပုဒ်ကို (၁၆) မှတ် ပေးပါတယ်။ မေးခွန်းတိုင်းမှာ (a) နဲ့ (b) နှစ်ပိုင်းခွဲပြီး မေးထားပါတယ်။ (၆) ပုဒ်မေးထားတဲ့ အထဲက နှစ်သက်ရာ (၄) ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။
- မေးခွန်းနံပါတ် (၁၅) မှာလည်း (OR) ခံပြီးမေးထားတာဖြစ်လို့ မေးခွန်း(၂)ပုဒ်ထဲက (၁)ပုဒ်ကိုပဲရွေးပြီး ဖြေဆိုရမှာပါ။ မေးခွန်းနံပါတ်(၁၅) မေးခွန်း(၂)ပုဒ်မှာ (a) နဲ့ (b) ကိုအတွဲလွဲပြီးဖြေရင် အမှတ်မရပါဘူး။

ရူပဗေဒဘာသာရပ် ပြဋ္ဌာန်းစာအုပ်မှာ သင်ခန်းစာအခန်း(၁)မှ အခန်း(၁၃) အထိရှိပါတယ်။ အပိုင်းအားဖြင့် ပြောရမယ်ဆိုရင် Mechanics, Heat, Waves and Sound, Optics, Electricity and Magnetismနဲ့ Modern Physics ဆိုပြီး အပိုင်း(၆)ပိုင်း ခွဲခြားထားပါတယ်။ ရူပဗေဒဘာသာရပ်ဟာ အလွတ်ကျက်မှတ်ရုံနဲ့မရဘဲ ရူပဗေဒသဘောတရားများကို အခြေခံကျကျနားလည်ထားမှသာ ရူပဗေဒဘာသာရပ်ကို ကောင်းမွန်စွာ ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

Rules, Laws, Principles တွေနဲ့ လက်တွေ့အသုံးပြုမှု ဆက်စပ်ပုံတွေကိုလည်း သိရှိထားဖို့လိုပါတယ်။ ဥပမာအားဖြင့် Snell's law ကနေ ရှာနိုင်တဲ့ physical quantities တွေက ဘာလဲ။ Pascal's law ကို အသုံးပြုထားတဲ့ပစ္စည်းတွေက ဘာတွေလဲဆိုတာ သိရှိထားရပါမယ်။

ပြဋ္ဌာန်းစာအုပ် (Text book)ပါ အကြောင်းအရာများ၊ laws, definitions တွေကို တိတိကျကျဖြေဆိုနိုင်ရန် လေ့ကျင့်ထားဖို့လိုအပ်ပါတယ်။

ရူပဗေဒဘာသာရပ်မေးခွန်းတွေမှာ physical quantities တွေရဲ့ units တွေကို နားလည်သိရှိထားဖို့လိုပါတယ်။

အလင်း (Optics) ဆိုင်ရာ အသိသညာများ၊ သတ်မှတ်ချက်များကိုလည်း သိရှိထားရန်လိုအပ်ပါတယ်။ ဥပမာ – An image which is ten times the size of the object is formed on the wall by a convex lens of focal length 10 cm. (a) How far is the object from the lens? (b) How far is the wall from the lens?

- ❖ မေးခွန်းမှာ image ဟာ နံရံမှာပေါ်တဲ့အတွက် ပုံရိပ်စစ် (real image)ဖြစ်တယ်ဆိုတာ သိရပါမယ်။
- ❖ ပုံရိပ်စစ်ဖြစ်တဲ့အတွက် magnification (m) = – 10 ဖြစ်ပြီး convex lens ရဲ့ focal length (f)= + 10 cm ဖြစ်တယ်။
- ❖ Object နဲ့ lens ရဲ့ အကွာအဝေး (u) နဲ့ နံရံနဲ့ lens ရဲ့ အကွာအဝေးကို ရှာခိုင်းထားတယ်။ နံရံမှာ image ပေါ်တဲ့အတွက် image နဲ့ lens ရဲ့ အကွာအဝေး (v) ကို ရှာရမယ်ဆိုတာ သိရပါမယ်။

(a) $m = -\frac{v}{u}$

m = -10 (inverted)

$-\frac{v}{u} = -10$

v = 10 u

By lens equation,

$\frac{1}{u}+\frac{1}{v}=\frac{1}{f}$

$\frac{1}{u}+\frac{1}{10\,u}=\frac{1}{10}$

$\frac{10+1}{10\,u}=\frac{1}{10}$

$\frac{11}{10\,u}=\frac{1}{10}$

u = 11 cm

The object is 11 cm from the lens.

(b) v = 10 u

= 10 × 11

= 110 cm

The wall is 110 cm from the lens. ဆိုတဲ့အဖြေကို ရပါမယ်။

အလင်း (Optics) ဆိုင်ရာပုစ္ဆာများတွင် တွက်ချက်ပြီးမှရလာတဲ့ ပုံရိပ်အကွာအဝေး၊ ဝတ္ထုအကွာအဝေးများကို အသုံးချပြီး ray diagram ဆွဲတတ်ရန်လည်း လိုအပ်ပါတယ်။

Electricity အခန်းနဲ့ပတ်သက်ပြီး Static Electricity အပိုင်းမှာ Electric Force, Electric Field Intensity နဲ့ Electric Potential တို့ရဲ့ definition များနဲ့ formula တွေကို ကွဲကွဲပြားပြား သိရှိရန်လိုပါတယ်။

Electric Force ဆိုရင် $F = \frac{1}{4\pi\varepsilon_0}\frac{Q_1Q_2}{r^2}$ ဖြစ်လို့ $F \propto \frac{1}{r^2}$ ၊ Electric Field Intensity ဆိုရင် $E = \frac{1}{4\pi\varepsilon_0}\frac{Q}{r^2}$ ဖြစ်လို့ $E \propto \frac{1}{r^2}$ ၊ Electric Potential ဆိုရင် $V = \frac{1}{4\pi\varepsilon_0}\frac{Q}{r}$ ဖြစ်လို့ $V \propto \frac{1}{r}$ ဆိုတာတွေကို သေသေချာချာမှတ်ထားဖို့လိုပါတယ်။

ဒါ့အပြင် Electric Force နဲ့ Electric Field Intensity က vector ဖြစ်လို့ direction ပါရပါမယ်။ Electric Potential က scalar ဖြစ်လို့ direction မပါပါဘူး။ ဒါပေမယ့် Electric Potential ကိုရှာတဲ့အခါမှာ Q တန်ဖိုးတွေမှာ လျှပ်စစ်အဖိုဆိုရင်(+) ၊ လျှပ်စစ်အမဆိုရင် (–) ထည့်တွက်ရန် လိုအပ်ပါတယ်။

ရူပဗေဒဘာသာရပ်မှာ definitions တွေရဲ့ concept တွေကို သိဖို့လိုပါတယ်။ Capacitor တစ်ခုရဲ့ capacitance က charge (Q) နဲ့ potential difference (V) ပေါ်မှာ မှီခိုမှုမရှိဘဲ သူ့ရဲ့အရွယ်အစား၊ ပုံပန်းသဏ္ဌာန်နဲ့ conductor (၂)ခုကြားမှာရှိတဲ့ insulator ရဲ့ သဘာဝပေါ်မူတည်ပြီး ပြောင်းလဲနိုင်ကြောင်း သိရပါမယ်။

Current, resistor နဲ့ resistivity တို့ရဲ့ definitions တွေကိုလည်း သူတို့ရဲ့ unit တွေနှင့်တကွ သိထားရပါမယ်။ Resistance ရဲ့ ပတ်သက်ဆက်စပ်မှု relationship ကိုလည်း သေချာသိဖို့လိုပါတယ်။ အရွယ်အစားနဲ့ ပတ်သက်ရင် $R = \frac{\rho l}{A}$ ၊ current, Ohm's law နဲ့ပတ်သက်ရင် $R = \frac{V}{I}$ ဆိုတာကို သိထားရပါမယ်။ Resistance (R) ရဲ့ unit က SI system မှာ ohm (Ω) ဖြစ်ပြီး သူနဲ့ဆက်စပ်တဲ့ equivalent unit က $VA^{-1}$ ဖြစ်တယ်ဆိုတာကိုလည်း သိထားရန်လိုအပ်ပါတယ်။

ဒါ့အပြင် electromotive force (emf) ရဲ့ circuit equation နဲ့ပတ်သက်တဲ့ $I=\frac{E}{R+r}$ မှာလည်း resistance ၂မျိုး ပါဝင်နေတာကို သိရပါမယ်။ Resistance (R) သည် အပူချိန်နဲ့လိုက်ပြီး ပြောင်းလဲမှုရှိကြောင်းကို $R_t = R_0 (1 + \alpha t)$ ဆက်သွယ်ချက်အရ သိထားရပါမယ်။ Resistance (R) ရဲ့ ပုံသေနည်းတွေကို ခွဲခြားပြီးသိထားရင် ပုစ္ဆာတွက်တဲ့အခါ အလွယ်တကူ ဆက်စပ်တွေးခေါ်နိုင်ပါမယ်။ ဒါ့အပြင် Resistor တွေကို တန်းဆက်နဲ့ပြိုင်ဆက်တွေ ဆက်တဲ့အခါမှာသုံးတဲ့ ပုံသေနည်းထုတ်ဖော်ပုံများဟာ capacitor နဲ့ ပြောင်းပြန်ဖြစ်ကြောင်း သိရပါမယ်။

Current ကို တိုင်းဖို့ဆိုရင် ammeter နဲ့တိုင်းပြီး voltage ကိုတိုင်းဖို့အတွက်ဆို voltmeter ကို သုံးရပါမယ်။ Galvanometer ကို အခြေပြုပြီး ammeter နဲ့ voltmeter ကို တည်ဆောက်တဲ့အခါ ammeter မှာ ခုခံမှုတန်ဖိုးအရမ်းငယ်တဲ့ wire (shunt) ကို galvanometer နဲ့ ပြိုင်ဆက် ဆက်ပြီး အသုံးပြုတဲ့ပုံသေနည်းက $r=\frac{i}{I-i}R_G$ ဖြစ်ပါတယ်။ Voltmeter မှာတော့ ခုခံမှုတန်ဖိုးကြီးတဲ့ wire ကို galvanometer နဲ့ တန်းဆက်ဆက်ပြီး ပုံသေနည်းအနေနဲ့ $R=\frac{V}{i}-R_G$ ကို အသုံးပြုတယ်ဆိုတာ သိထားရပါမယ်။

Electromagnetism အခန်းမှာ magnet, magnetic field, magnetic lines of force တို့ရဲ့ အဓိပ္ပာယ်တွေကို သိထားဖို့လိုအပ်ပါတယ်။ လျှပ်စစ်နဲ့သံလိုက်ဖြစ်ရပ်များဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေကြတယ်။ လျှပ်စီးကြောင်းစီးနေတဲ့ ဝါယာကြိုးအနီးတစ်ဝိုက်ရှိ သံလိုက်စက်ကွင်းရဲ့ဦးတည်ဘက်ကို ညာလက်စည်းမျဉ်း (right–hand rule) ကို အသုံးပြုပြီး ရှာယူနိုင်ပါတယ်။

Modern Physics အပိုင်းမှာ လက်တွေ့နယ်ပယ်နဲ့ ဆက်စပ်မှုများရှိနေတဲ့အတွက် လက်မလွှတ်သင့်တဲ့အခန်း ဖြစ်ပါတယ်။

Modern Physics မှာ Electronics အပိုင်းနဲ့ Nuclear Physics ဆိုပြီး အပိုင်းနှစ်ပိုင်း ပါရှိပါတယ်။ Electronics အပိုင်းမှာ devices တွေဖြစ်တဲ့ Semiconductor, Rectifier အမျိုးအစားတွေ၊ အကြောင်းတွေကို အသေးစိတ် ပုံနဲ့တကွ သိထားရပါမယ်။ Symbols တွေကိုလည်း သိထားရပါမယ်။ Transistor နှစ်မျိုးရှိတယ်ဆိုတာသိထားပြီး structure နဲ့ circuit diagrams တွေကို ပုံနဲ့တကွ လေ့လာထားရပါမယ်။

နောက်တစ်ခုကတော့ logic gate အကြောင်းနဲ့ logic gate (၅)မျိုးရှိတယ်ဆိုတာ သိထားရပါမယ်။ Logic gate တွေရဲ့ symbol တွေနဲ့ Truth Table တွေကိုလည်း သေသေချာချာ ကျက်မှတ်ထားရပါမယ်။ Gate တွေ တစ်ခုနဲ့တစ်ခု ပေါင်းစပ်ပုံတွေကို သိထားရမှာဖြစ်သလို gate တွေရဲ့ အသုံးဝင်ပုံတွေကိုလည်း လေ့လာထားရမှာ ဖြစ်ပါတယ်။

Nuclear Physics အပိုင်းမှာတော့ ရောင်ခြည်တွေဖြစ်တဲ့ alpha ray, beta ray, gamma ray နဲ့ x ray တို့ကို ကွဲကွဲပြားပြား သိရှိဖို့လိုအပ်ပါတယ်။ x ray ဆိုတာဟာလည်း light ray (or) electromagnetic wave with short wavelength ဖြစ်ပြီး အလင်း photon တွေနဲ့ ဖွဲ့စည်းထားတယ်ဆိုတာကို သိသင့်ပါတယ်။ ဒါ့အပြင် atom တွေရဲ့ models တွေကိုလည်း သိထားသင့်ပါတယ်။

ဥပမာတစ်ခုအနေနဲ့ Draw a diagram illustration of alpha particles by the nucleus. ဆိုတဲ့မေးခွန်းမှာ nucleus နဲ့ နီးကပ်လာတဲ့ electrons တွေဟာ ပိုကြီးတဲ့ လွင့်စင်ထောင့်နဲ့ scattered ဖြစ်ပြီး nucleus နဲ့ ဝေးလာတဲ့ electrons တွေကတော့ ထောင့်ကျဉ်းနဲ့ scattered ဖြစ်တဲ့ပုံကိုဆွဲပေးရပါမယ်။ nucleus နဲ့ တိုးမိတဲ့ electrons တွေကတော့ (occasionally) thrown back ဖြစ်သွားပါတယ်။





Fig. Scattering of alpha particle

စာဖြေသူအားလုံးအတွက် အားလုံးခြုံငုံပြောရမယ်ဆိုရင်–

- ❖ အဖြေသိလျက်၊ ဖြေနိုင်လျက်နှင့် ပေါ့ဆ၍ဖြစ်စေ၊ စိတ်လောနေ၍ဖြစ်စေ၊ ပြန်လည်စစ်ဆေးခြင်း မပြု၍ဖြစ်စေ၊ အမှားတွေ အဖြေလွှာမှာ ပါလာတတ်ပါတယ်။ အလွန်နဲပါ နှစ်နာပါတယ်။
- ❖ တွက်ချက်မှုမှားယွင်းခြင်း၊ ပေါင်းနုတ်၊ မြှောက်စား၊ လွယ်ကူတာတွေကိုတောင်မှားပြီး တွက်တတ်ပါတယ်။ အလွန်တော်တဲ့ကျောင်းသား၊ ကျောင်းသူတွေတောင် ဒီလိုအမှားမျိုး ရှိတတ်ပါတယ်။ ဒါကြောင့် အကြိမ်ကြိမ်စစ်ဆေးပေးရန် လိုအပ်ပါတယ်။ အဆင့်ကျော်တွက်တာတွေရှိတတ်ပါတယ်။ အမှတ်က အဆင့်လိုက်ပေးတာဆိုတော့ ကျော်တွက်တဲ့အဆင့်တွေအတွက် အမှတ်ပြည့်မရနိုင်တော့ပါဘူး။

ဒါကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ၊ ရူပဗေဒဘာသာရပ်ကို ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို မှာကြားချင်တာကတော့–

စာမျက်နှာ ၁၇ သို့ »»

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၅ | ၂၃၀၀ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၉၀ | ၂၈၀၀ |
| 95 Ron | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၂၉၅ | ၂၂၇၅ | ၂၃၇၀ | ၂၃၈၅ | ၂၂၈၀ | ၂၂၉၅ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၅၅ | ၂၈၈၀ |
| HSD (500 ppm) | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၀ | ၂၂၆၅ | ၂၂၉၅ | ၂၂၉၅ | ၂၃၀၀ | ၂၅၃၀ | ၃၃၅၀ |
| HSD (50 ppm) | ၂၂၉၀ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၃၄၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၅ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၀ | ၂၃၄၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၈၀ | ၂၆၁၀ | ၃၃၈၀ |
| HSD (10 ppm) | ၂၂၉၀ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၃၄၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၅ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၀ | ၂၃၄၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၈၀ | ၂၆၁၀ | ၃၃၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၁ | ၂၁၃၅ |
| 95 Ron | ၂၁၂၇ | ၂၂၀၄ |
| HSD (500 ppm) | ၂၁၀၄ | ၂၁၇၅ |
| HSD (50 ppm) | ၂၁၇၈ | ၂၂၅၁ |
| HSD (10 ppm) | ၂၁၇၈ | ၂၂၅၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၀၀၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၂-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၁-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၀၀၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၈၉,၆၇၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၈၆၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၂၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၁-၂-၂၀၂၃) ရက်နေ့အထိ အသက်(၁၈)နှစ်နှင့်အထက် လူဦးရေစုစုပေါင်း(၃၀,၉၂၄,၇၇၇) ဦးနှင့် အသက်(၁၈)နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၁၂,၆၃၈)ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၁၁-၂-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၂၄,၇၇၇ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၁၂,၆၃၈ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

»»» **စာမျက်နှာ ၁၆ မှ**

- ➢ စိတ်ကို တည်ငြိမ်စွာထားပါ။
- ➢ ပုစ္ဆာမှာ ပြောင်းထားတာလေးတွေကို ဂရုစိုက်ပါ။
- ➢ အချိန် (အထူးသဖြင့် ပြန်လည်စစ်ဆေးချိန်) ကို ကြိုတင်သတ်မှတ်ပါ။
- ➢ ဘာကြောင့်ပဲဖြစ်ဖြစ် အချိန်ပြည့်သည်အထိ ဖြေပါ၊ စဉ်းစားပါ။
- ➢ အထပ်ထပ်ပြန်စစ်ပါ။ အဆင့်ဆင့်တွက်ချက်ပါ။ အဆင့်ကျော်ရင် အမှတ်ပြည့်မရနိုင်ပါ။
- ➢ အဖြေလွှာမှာ နံပါတ်များ မှန်ကန်အောင်တပ်ပါ။

အခုပြောပြခဲ့တဲ့ သတိထားရမယ့်အချက်တွေကို ဂရုစိုက်ခဲ့မယ်ဆိုရင်-

- ✔ ရူပဗေဒဘာသာရပ်ကို တပည့်တို့ ကောင်းမွန်စွာ ဖြေဆိုနိုင်ကြမှာပါ။
- ✔ ကျောင်းသား ကျောင်းသူများအားလုံး စာမေးပွဲကို ထူးချွန်စွာ ဖြေဆို၊ အောင်မြင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

■

# နိုင်ငံတစ်ဝန်း၌ (၇၆)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားများ ကျင်းပ

## ဟသ်ာတ

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီက ဥယျာဉ်မြောက်ရပ် မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဦးဆောင်၍ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက ဖတ်ကြားခဲ့သည်။

ယင်းနောက် (၇၆ )နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ အကများ၊ ကရင်ဒုံးယိမ်းများဖြင့် ဖျော်ဖြေခဲ့ကြပြီး အဆင့်မြင့်ပညာနှင့် အခြေခံပညာတို့တွင် ကျင်းပခဲ့သော စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပေါင်

မွန်ပြည်နယ် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲတွင် ကျင်းပသည်။

ရှေးဦးစွာ အလံတင်အခမ်းအနားသို့တက်ရောက်လာသူများနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့က မြန်မာနိုင်ငံတော်အလံကို လွှင့်တင်အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က ဖတ်ကြားသည်။

ယင်းနောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဌာနဆိုင်ရာပိုက်ကျော်ခြင်းပြိုင်ပွဲတို့၌ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကိုလည်းကောင်း၊ အခြေခံပညာအဆင့် လူရည်ချွန်ကျောင်းသား ကျောင်းသူနှစ်ဦးကို လည်းကောင်း၊ ပြည်နယ်အဆင့်ဘောလုံးပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိခဲ့သော မြို့နယ်ဂုဏ်ဆောင်အားကစားသမားများကိုလည်းကောင်း တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



## ဖျာပုံ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ယနေ့ နံနက် ၇ နာရီက ဖျာပုံမြို့ ကျောက်တိုင်ကွင်းအတွင်းကျင်းပသည်။

ရှေးဦးစွာ (၇၆) နှစ်မြောက်ပြည်ထောင်စုနေ့နိုင်ငံတော်အလံအလေးပြုခြင်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှဦးဆောင်၍ ဖျာပုံခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် အခမ်းအနားသို့တက် ရောက်လာကြသူများကအလေးပြုကြပြီး ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၆) နှစ်မြောက်ပြည်ထောင်စုနေ့သဝဏ်လွှာအားဖတ်ကြားသည်။ အခမ်းအနားသို့ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ **၂၀၇**



## ဖလမ်း

ချင်းပြည်နယ် ဖလမ်းမြို့၌(၇၆)နှစ်မြောက်ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့်သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို ယနေ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို နံနက် ၅နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးကွင်းပြင်တွင် အလံတင်တပ်ဖွဲ့ဦးဆောင်မှုဖြင့် နိုင်ငံတော် အလံတင်အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များအား အလေးပြုခြင်းပြုလုပ်ရာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီးဝင်းဇော်လတ်၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်အလေးပြုခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော (၇၆)နှစ်မြောက်ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဖလမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက ဖတ်ကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

## စဥ့်ကူး

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ်၌ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ နံနက် ၇ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနား ကျင်းပရာ ဂုဏ်ပြုရဲတပ်ဖွဲ့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား စဥ့်ကူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်က ဖတ်ကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## သာစည်

မန္တလေးတိုင်းဒေသကြီး သာစည်မြို့၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့်သဝဏ်လွှာဖတ်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ အလံတင်အခမ်းအနားကို နံနက် ၅ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ တက်ရောက်လာသူများနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့က နိုင်ငံတော်အလံကို လွှင့်တင်အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်ကဖတ်ကြားသည်။ ဆက်လက်ပြီး အထက(၁) ကျောင်းသူလေးများက ပြည်ထောင်စုရဲ့ ထာဝရအလှအက သီချင်းဖြင့် ကပြဖျော်ဖြေရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဆုငွေချီးမြှင့်သည်။ ထို့နောက်(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတို့၌ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ ဆရာ ဆရာမများ၊ ဆုရရှိသော ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပန်းတနော်

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့၌ (၇၆) နှစ်မြောက်ပြည်ထောင်စုနေ့အကြို အလံတင်အခမ်းအနားနှင့် ကျဆုံးလေပြီး သောအာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုခြင်း အခမ်းအနားကို ယနေ့ နံနက် ၅ နာရီက အလယ်ပိုင်းရပ်ကွက် ပန်းရွှေဝါပန်းခြံတွင် ကျင်းပသည်။

ထို့နောက် နံနက် ၇ နာရီတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းကဖတ်ကြားပြီး ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ်တွင် ကျင်းပခဲ့သော စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆုများ တက်ရောက်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ ဆက်)**

## ညောင်လေးပင်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ယနေ့နံနက်က ကျင်းပခဲ့ကြောင်း သိရသည်။

အလံတင်အခမ်းအနားကို နံနက် ၅ နာရီခွဲတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပရာ တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။ ဆက်လက်ပြီး နံနက် ၇ နာရီတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းနိုင်က ဖတ်ကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## ကလေး

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီက မြို့နယ်စည်ပင်သာယာပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ရှေ့တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။ ထို့နောက် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် ကဗျာပြိုင်ပွဲတို့တွင် ခရိုင်အဆင့် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

## ဘီးလင်း

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် နိုင်ငံတော်အလံတင်အခမ်းအနားကို ယနေ့ နံနက် ၅နာရီခွဲတွင် ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

နိုင်ငံတော်အလံတင် အခမ်းအနားသို့ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင် (မြို့နယ်အုပ်ချုပ်ရေးမှူး)နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှဂုဏ်ပြုတပ်ဖွဲ့ဝင်များ အပါအဝင် စုစုပေါင်း ၄၅ ဦးခန့် တက်ရောက်ခဲ့သည်။

နိုင်ငံတော်အလံတင်အခမ်းအနားတွင်တက်ရောက်လာကြသူများမှ နေရာယူကာ ဂုဏ်ပြုတပ်ဖွဲ့၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အလံအား လွှင့်တင်၍ အလေးပြုခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတစ်ဝန်း၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားများ ကျင်းပ

## ကျိုက်ထို

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌(၇၆)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီတွင် မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ဦးဆောင်မှုဖြင့် နိုင်ငံတော်အလံနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ကျိုက်ထိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်းက ဖတ်ကြားသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မှော်ဘီ

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက မှော်ဘီမြို့နယ် မှော်ဟောဝန်ပန်းခြံရှိ လွတ်လပ်ရေးကျောက်တိုင်၌ကျင်းပရာ ဂုဏ်ပြုရဲတပ်ဖွဲ့နှင့်အတူ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်က ဖတ်ကြားသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တိုင်းရင်းသားများ စုစုပေါင်းအင်အား ၂၇၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ တက်ရောက်လာကြသူများက မြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်က ဖတ်ကြားသည်။

အဆိုပါ အခမ်းအနားသို့ အင်းစိန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ကြက်ခြေနီအသင်းနှင့် ပရဟိတအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **မြင့်ဦး**

## တောင်ငူ

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက တောင်ငူခရိုင် အားကစားကွင်း(မိုင်ဒါကွင်း)၌ ကျင်းပသည်။

ဦးစွာ အလံတင်အခမ်းအနားကို ကျင်းပရာ တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ တောင်ငူမြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက နိုင်ငံတော် အလံအား အလေးပြုကြသည်။

ထို့နောက် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၁) ဒုတိယ ဗိုလ်မှူးကြီးဉာဏ်ရွှေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့ အထိမ်းအမှတ် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့အထိမ်းအမှတ် ခရိုင်အဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကနီ

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အလံတိုင်ကွင်း၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင် အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာ ကို ကနီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဝေစိုးက ဖတ်ကြားသည်။

ယင်းနောက် (၇၆)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြိုင်ပွဲများမှ ဆုရရှိသူများကို ကနီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြဝတီ

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၅ နာရီခွဲက ကရင်ပြည်နယ် မြဝတီမြို့ရှိ မြစန္ဒီပန်းခြံ၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်အလံတင်အခမ်းအနားကို ကျင်းပရာ ဂုဏ်ပြုတပ်ဖွဲ့က မြန်မာနိုင်ငံတော်အလံအား လွှင့်တင်ပြီး တက်ရောက်လာကြသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ဖတ်ကြားသည်။

ဆက်လက်၍ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာ၊ ပန်းချီ၊ ပိုစတာ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သထုံ

မွန်ပြည်နယ် သထုံမြို့နယ်၏ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက သထုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ကွင်းပြင်၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဂုဏ်ပြုတပ်ဖွဲ့နှင့် တက်ရောက်လာသူတို့က နိုင်ငံတော်အလံအား အလေးပြုကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို သထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက ဖတ်ကြားသည်။

အဆိုပါအခမ်းအနားသို့ သထုံမြို့နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## အလုံ

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီခွဲတွင် ကျင်းပသည်။

ဦးစွာ အလုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက မြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော သဝဏ်လွှာကို အလုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဌေးကြွယ်က ဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့အထိမ်းအမှတ်စာစီစာကုံး၊ ကဗျာ၊ ပိုစတာ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။

**မောင်မောင်ကျော်**



## တံတားဦး

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင် အခမ်းအနားကို တံတားဦးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၅ နာရီခွဲက ကျင်းပသည်။

ထို့နောက် နံနက် ၇ နာရီတွင် တံတားဦးမြို့ အမှတ်(၃)ရပ်ကွက် ဆုံကုန်းရပ်ရှိ မြို့နယ်ခန်းမ၌ သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကိုကျင်းပရာ ရှေးဦးစွာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ရဲဘော်အပေါင်းအား တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်းက ဖတ်ကြားသည်။ **ဦးရဲတင့်(ပြန်/ဆက်)**

## လှည်းကူး

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားပွဲ အခမ်းအနားကို မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ကျင်းပရာ လှည်းကူးမြို့နယ် ရဲတပ်ဖွဲ့ကဦးဆောင်၍ နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်ဖွဲ့ဝင်အပေါင်းအား အလေးပြုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က ဖတ်ကြားသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မင်းတပ်

မင်းတပ်မြို့၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်နံနက် ၇ နာရီတွင် လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းကို အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်းက ဖတ်ကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ပုံပြင်

# ခွေးအိုကြီး ရန်လုံ

မင်းယုဝေ

တစ်ခါသော် သိုးထိန်းတစ်ဦး၌ အလွန်သစ္စာရှိသော ခွေးကြီးတစ်ကောင်ရှိလေ၏။ သူ့အမည်မှာ ရန်လုံဟုခေါ်လေသည်။ ရန်လုံအဖို့ သိုးထိန်းထံ၌ နေထိုင်လာခဲ့သည်မှာ နှစ်ရှည်လများကြာခဲ့ပြီ။ ယခုအခါ သွားများပင်ကျိုး၍ အိုမင်းမစွမ်းသောဘဝသို့ ရောက်နေလေပြီ။

တစ်နေ့တွင် သိုးထိန်းက မယားဖြစ်သူအား..

“ရှင်မ၊ ရန်လုံသည် အိုမင်းနေပြီဖြစ်၍ ဘာမျှအသုံးမဝင်။ ငါတို့ကျွေးမွေးထားသည်မှာ အပိုသာဖြစ်သည်။ ထို့ကြောင့် နက်ဖြန်နံနက်တွင် သူ့ကို ငါသတ်ပစ်တော့မည်” ဟု လှမ်းပြောလိုက်လေသည်။

ဤတွင်မယားက

“မောင်ကြီးရှင့်၊ ဤမျှသစ္စာရှိသော ရန်လုံကို သတ်ရန်မသင့်ပါ။ ကျွန်မတို့အကျိုးကို ရန်လုံဆောင်ရွက်လာသည်မှာ နှစ်ရှည်လများကြာခဲ့ပါပြီ။ ယခုကဲ့သို့ အိုမင်းမစွမ်းဖြစ်နေသောအခါမျိုးတွင် ကျွန်မတို့ကတစ်လှည့် သူ့အား စောင့်ရှောက်သင့်ပါသည်” ဟူ၍ပြန်ပြောလေသည်။ သိုးထိန်းကလည်း...

“အို... အသုံးမဝင်သူကို အိမ်၌ထားခြင်းဖြင့် မည်သို့အကျိုးထူးနိုင်ပါမည်နည်း။ ဤသို့ဆိုလျှင် သူခိုးများကပင် လုံးဝအလေးမမူကြ။ သို့သော် ရှိစေဦး။ နက်ဖြန်တစ်နေ့လုံး စောင့်ကြည့်ဦးမည်။ အကယ်၍ ငါတို့အကျိုးအတွက် နက်ဖြန်တွင် တစ်စုံတစ်ခု ဆောင်ရွက်ပေးသည်ရှိသော် သူ့အား ချမ်းသာပေးလိုက်မည်။ ထိုသို့မဟုတ်ဘဲ ဘာတစ်ခုမျှ ဆောင်ရွက်မပေးနိုင်ပါက သတ်ပစ်တော့မည်”ဟု ဆိုလိုက်လေသည်။ ရန်လုံသည်မနီးမဝေး၌ လဲလျောင်းနေရာ သိုးထိန်းလင်မယား ပြောနေသောစကားများကို ကောင်းစွာကြားသိရလေ၏။ ထိုအခါ သူသည် လွန်စွာပင် ထိတ်လန့်ကြောက်ရွံ့ခြင်းဖြစ်မိ၏။ နက်ဖြန်သူ့အဖို့ နောက်ဆုံးနေ့ပင်ဖြစ်တော့သည်။ အကယ်၍ သခင့်အကျိုးအတွက် တစ်စုံတစ်ခုကို ဆောင်ရွက်မပေးနိုင်ပါက အသတ်ခံရတော့မည်။

ထို့ကြောင့် ညနေဘက်တွင် သူသည် တောတွင်းသို့သွားရောက်ကာ မိတ်ဆွေဖြစ်သူ ဝံပုလွေအား သူ၏ဒုက္ခကို သနားစဖွယ်ပြောလေ၏။ ဝံပုလွေက...

“အဆွေ.. ဘာမျှမစိုးရိမ်ပါလင့်၊ သင့်ကို ငါအကြံတစ်ခုပေးမည်။ ဤအတိုင်းသာ လိုက်နာပါ။ သင့်သခင်သည် မယားဖြစ်သူနှင့်အတူ နံနက်စောစောတိုင်း လယ်ထဲသို့ အလုပ်လုပ်သွားလေ့ရှိသည်။ သွားသည့်အခါတိုင်းလည်း သူတို့၏ကလေးကို ခေါ်ဆောင်သွားကြသည်။ လယ်ထဲသို့ရောက်သောအခါ သူတို့သည် ကလေးကိုအရိပ်တွင် သိပ်ထားကာ အလုပ်ဆင်းလုပ်ကြသည်။ နက်ဖြန်နံနက်တွင်လည်း ဤနည်းအတိုင်းပင် သူတို့ပြုမူကြလိမ့်မည်။ ထိုအခါ သင်သည် ကလေးကို စောင့်ကြပ်သောအနေဖြင့် အနီးတွင် နေပါ။ ငါသည် တောထဲမှ ရုတ်တရက် ထွက်လာပြီးလျှင် ကလေးကို ချီယူသွားမည်။ သင်က ငါ့နောက်သို့ အပြင်းပြေးလိုက်ပါ။ ငါက ကလေးကို ချထားကာ ထွက်ပြေးသွားပါမည်။ သင်သည် ကလေးကို ပြန်ချီ၍သွားပါ။ ဤတွင် သိုးထိန်းလင်မယားသည် သင့်အား ကလေးအသက်ကို ကယ်တင်သည်ဟူ၍ ကျေးဇူးတင်မဆုံးရှိကြလိမ့်မည်။ သင့်ကိုလည်း အသက်မှချမ်းသာပေးကာ အသက်ထက်ဆုံး ကျွေးမွေးစောင့်ရှောက်ကြလိမ့်မည်” ဟူ၍အကြံပေးလေသည်။

ရန်လုံသည် ထိုအကြံကို လွန်စွာနှစ်ခြိုက်မိ၏။ ထို့ကြောင့် နောက်တစ်နေ့နံနက်၌ ကြံစည်ထားသည့်အတိုင်း ပိရိအောင်မြင်စွာဆောင်ရွက်လိုက်ကြ၏။ ထိုအခါ သိုးထိန်းသည် ရန်လုံ၏ ဦးခေါင်းကို သပ်လျက်... “အို.. ရန်လုံ၊ သင်သည် ငါ့သားငယ်၏ အသက်သခင်ပင်ဖြစ်တော့သည်။ သင့်ကို ငါ မသတ်တော့ပြီ။ ကောင်းစွာကျွေးမွေး၍ စောင့်ရှောက်ထားတော့မည်” ဟု ဆိုလေသည်။ တစ်ဖန် မယားဘက်ကို လှည့်၍လည်း...

“ရှင်မ၊ အိမ်သို့ပြန်၍ ရန်လုံအား အစားကောင်းများကျွေးမွေးပါ၊ ငါ၏ ကောက်ရိုးမွေ့ရာအဟောင်းကြီးကိုလည်း သူအိပ်ရန် ထုတ်ပေးလိုက်ပါ” ဟု ပြောလိုက်လေသည်။ ရန်လုံကား ထိုနေ့မှစ၍ စိတ်အေးချမ်းသာစွာ နေထိုင်ရလေတော့သည်။

ဤသို့ ဖြစ်ပြီး၍ မကြာမီတစ်နေ့တွင် ရန်လုံထံ ဝံပုလွေရောက်လာလေသည်။ ဝံပုလွေက...

“အဆွေ၊ သင့်သခင်၏သိုးများထဲမှ အဆူဖြိုးဆုံးသိုးတစ်ကောင်ကို ငါစားသောက်ချင်ပါသည်။ ညဘက်တွင် ငါလာ၍ ခိုးယူပါမည်။ ထိုအခါ သင်က မသိဟန်ပြုနေပါ” ဟု ပြောဆိုလေ၏။

ဤတွင် ရန်လုံက ...

“အဆွေ၊ ဤသို့ကားမပြုပါနှင့်။ ကျွန်ုပ်တို့အဖို့ သခင့်သစ္စာကို စောင့်သိရိုသေရပါမည်” ဟူ၍ပြန်ပြောလေသည်။

ဝံပုလွေကား ရန်လုံသည် သူ့အား နောက်ပြောင်ပြောသည်ဟုပင်ယူဆကာ ညဘက်တွင် သိုးကိုလာခိုးလေ၏။ ရန်လုံလည်း သခင်အား အကျိုးအကြောင်းပြောထားပြီးဖြစ်သည်။ ထို့ကြောင့် သိုးထိန်းသည် စပါးကျီဘေး၌ ပုန်း၍စောင့်နေ၏။ ဝံပုလွေလည်း လောဘတကြီးနှင့် အဆူဖြိုးဆုံးသော သိုးကို ရှာဖွေနေစဉ် သိုးထိန်းသည် ဝံပုလွေ၏ ခါးလယ်ကို တုတ်တိုဖြင့် ရိုက်၍လွှတ်လိုက်လေ၏။ ဝံပုလွေသည် ခြေဦးတည့်ရာထွက်ပြေးရာမှ ရန်လုံအား ဆဲရေးတိုင်းထွာခြင်းပြု၏။ ထို့မျှမက...

“သင့်ကို လက်စားချေရမည်” ဟူ၍လည်း ဒေါသကြီးစွာဖြင့် ဟစ်အော်ပြောခဲ့သေး၏။

**စာမျက်နှာ ၂၁ သို့** ❄

စာမျက်နှာ ၂၁ သို့

**ငါသည် တောထဲမှ ရုတ်တရက်ထွက်လာပြီးလျှင် ကလေးကို ချီယူသွားမည်။ သင်က ငါ့နောက်သို့ အပြင်းပြေးလိုက်ပါ။ ငါက ကလေးကိုချထားကာ ထွက်ပြေးသွားပါမည်။ သင်သည် ကလေးကို ပြန်ချီ၍သွားပါ။ ဤတွင် သိုးထိန်းလင်မယားသည် သင့်အား ကလေးအသက်ကို ကယ်တင်သည်ဟူ၍ ကျေးဇူးတင်မဆုံးရှိကြလိမ့်မည်။ သင့်ကိုလည်း အသက်မှချမ်းသာပေးကာ အသက်ထက်ဆုံး ကျွေးမွေးစောင့်ရှောက်ကြလိမ့်မည် ဟူ၍ အကြံပေးလေသည်**

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

(ယခင်အပတ်မှအဆက်)





❊ စာမျက်နှာ ၂၀ မှ

ပြောခဲ့သည့်အတိုင်းလည်း နောက်တစ်နေ့တွင် ဝံပုလွေသည် ရန်လုံထံ ဝက်ဝံကို လွှတ်လိုက်၏။ ဝက်ဝံက ဝံပုလွေသည် ရန်လုံနှင့် ယောကျ်ားပီပီ တိုက်ခိုက်လိုကြောင်း၊ ထို့ကြောင့် တောထဲသို့ ရန်လုံ အမြန်ဆုံးလာရောက်ရန် မှာလိုက်ကြောင်း ပြောလိုက်လေ၏။ ရန်လုံလည်း သွားရောက်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်၏။ သို့သော် သူ့အဖို့ တိုက်ခိုက်ရာတွင် အဖော်အဖြစ် လိုက်ပါရန် မည်သူ့ကိုမျှ ခေါ်မရ၍ နောက်ဆုံး၌ ခြေသုံးချောင်းသာရှိသော ကြောင်အိုကြီးတစ်ကောင်ကိုသာ ခေါ်သွားရလေ၏။

ရန်လုံနှင့် ကြောင်အိုကြီးသည် ဝံပုလွေရှိရာသို့ ထွက်ခွာလာကြ၏။ကြောင်အိုကြီးမှာ ခြေသုံးချောင်းသာရှိသဖြင့် အခြားကြောင်များကဲ့သို့ လမ်းမလျှောက်နိုင်။ အမြီးကို ထောင်၍ ထော့နင်းထော့နင်းသာ သွားနိုင်၏။ ဝံပုလွေနှင့်အဖော်ဖြစ်သော ဝက်ဝံတို့သည် ရန်လုံတို့နှစ်ဦး အဝေးမှလာနေသည်ကို လှမ်းကြည့်နေကြ၏။ သူတို့စိတ်၌ ထောင်နေသော ကြောင်အိုကြီး၏အမြီးကို ဓားဟူ၍ မှတ်ထင်နေကြ၏။ ကေန်ပင် ထိုဓားဖြင့် ရန်လုံသည် ဝံပုလွေအား တိုက်ခိုက်လိမ့်မည်ဟူ၍လည်း တွက်ဆထားကြ၏။

ထို့ပြင် ကြောင်အိုကြီး ထော့နင်းထော့နင်းနှင့် လာသည်ကိုလည်း သူတို့စိတ်ထဲတွင် ခဲကိုကောက်ကာ ကောက်ကာ သူတို့အား လှမ်းပစ်နေသည်ဟု ထင်မှတ်ကြ၏။ ဤတွင် သူတို့က ရန်သူသည် ဤနည်းဖြင့် တိုက်ခိုက်ပါက ငါတို့အဖို့ ယှဉ်ပြိုင်တိုက်ခိုက်ခြင်းငှာ မသင့်သေးဟုဆိုကာ အသီးသီး ရှောင်တိမ်းနေကြ၏။ ဝက်ဝံသည် ချုံထဲ၌ ဝပ်၍လည်းကောင်း၊ ဝံပုလွေသည် သစ်ပင်ထက်သို့ တက်၍လည်းကောင်း ပုန်းအောင်းနေကြ၏။

မကြာမီ ရန်လုံတို့ ရောက်ရှိလာကြ၏။ သို့သော် တစ်စုံတစ်ရာကိုမျှ မတွေ့ရချေ။ ထိုအခိုက် ချုံထဲ၌ ပုန်းအောင်းနေသော ဝက်ဝံ၏နားရွက်တစ်ဖက်မှာ အပြင်သို့ အမှတ်မထင်ထွက်လာ၏။ ကြောင်အိုကြီးသည် ထိုနားရွက်ကို တွေ့သည်နှင့်တစ်ပြိုင်နက် ကြွက်ဟုထင်မှတ်ကာ နေရာမှ ခုန်အုပ်လိုက်၏၊ ကုတ်ခြစ်လိုက်၏။ ဝက်ဝံလည်း နာကျင်လှသဖြင့် ထိတ်လန့်တကြား ထွက်ပြေးလေ၏။ သို့ပြေးရာမှ "သစ်ပင်ထက်သို့ မော့ကြည့်ကြလော့၊ သင်တို့သည် တရားခံကို တွေ့ကြရလိမ့်မည်" ဟူ၍ဟစ်အော်ပြောဆိုသွား၏။

ရန်လုံသည် မော့ကြည့်လိုက်သောအခါ သစ်ကိုင်းများအကြား၌ ပုန်းအောင်းနေသော ဝံပုလွေကို တွေ့ရလေ၏။ ဤတွင် ရန်လုံက

"အို... သူရဲဘောနည်းသော သူမိုက်၊ ငါနှင့် အဆွေခင်ပွန်းအဖြစ် တစ်ဖန်ပြန်လည်ပေါင်းသင်းမည်ဖြစ်ကြောင်းကတိပြုပါ။ သို့မှသာ သင့်ကို အန္တရာယ်မပြု၊ သစ်ပင်ထက်မှ ဆင်းသက်ခွင့်ပြုနိုင်မည်" ဟူ၍ ပြောဆိုလေ၏။ ဝံပုလွေလည်း ရန်လုံနှင့် အဆွေခင်ပွန်းအဖြစ် တစ်ဖန်ပြန်လည်ပေါင်းသင်းမည်ဖြစ်ကြောင်း ကတိပြုလိုက်ရလေသတည်း။ ။

■

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု ၁၁၀

# လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

## ယူရီဂါဂါရင်

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

ယူရီဂါဂါရင်ကို ရုရှားနိုင်ငံ ဂျက်ဇ်ဟက်(ခ)တွင် ၁၉၃၄ ခုနှစ်၌ မွေးဖွားခဲ့သည်။ သူသည် အာကာသသို့ ပထမဦးဆုံးခရီးသွားလာခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။ သူသည် အသက် (၃၄) နှစ်အရွယ် ၁၉၆၈ ခုနှစ်တွင် သေဆုံးခဲ့သည်။

ယူရီဂါဂါရင်ကို စမိုးလင့်(ခ်)အနီးရှိ ယခုအခါ ဂါဂါရင်ဟု အမည်ပေးထားသော ရွာတစ်ရွာတွင် ဆင်းရဲသောလယ်ယာခြံမြေမိသားစုမှ မွေးဖွားခဲ့သည်။ ဆယ်ကျော်သက်အရွယ်တွင် သူ့ကို သံမဏိလုပ်သားတစ်ဦးဖြစ်ရန် လေ့ကျင့်ခဲ့သည်။ သူသည် သတ္တုသွန်းလုပ်သည့်လုပ်ငန်းတွင် အလုပ်လုပ်ရန်ရည်ရွယ်ခဲ့သည်။ ကောလိပ်တွင် ပညာသင်ကြားနေစဉ် သူသည် မော်စကိုမြို့အနီးရှိ လေယာဉ်ပျံသန်းမှု ကလပ်အသင်းတစ်ခုတွင် ဆက်သွယ်ပါဝင်ခဲ့ပြီး သူ၏အားလပ်ချိန်တွင် လေယာဉ်ပျံသန်းရန် လေ့လာခဲ့သည်။ မကြာမီကာလတွင် သူသည် သတ္တုသွန်းခြင်းအလုပ်ထက် လေယာဉ်ပျံသန်းခြင်းကိုသာ နှစ်သက်သောကြောင့် လေတပ်သို့ ဆက်သွယ်အလုပ်လုပ်ခဲ့ပြီး တိုက်ခိုက်ရေးလေယာဉ်များ စတင်ပျံသန်းမောင်းနှင်ခဲ့သည်။ သူ၏စွန့်ဝံ့ခြင်းနှင့် ကျွမ်းကျင်မှုသည် အာကာသလေ့ကျင့်ရေးတွင် သူ့အား သိသာထင်ရှားစေရန် ဦးတည်ခဲ့သည်။ ပထမဦးဆုံးအာကာသလေယာဉ်၏ အတွင်းခန်းသည် ခန္ဓာကိုယ်ကြီးမားသောလူများအတွက် လုံလောက်မှုမရှိသဖြင့် သူ အရပ်သိပ်မရှည်သော အချက်က အာကာသယာဉ်မှူးဖြစ်ရန် အထောက်အကူဖြစ်ခဲ့သည်။

ဂါဂါရင်၏ အာကာသယာဉ်ဖြစ်သော ဗော့စ်တော့(ခ်)ကို ၁၉၆၁ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် ကာဇက် သဲကန္တာရရှိ ဘေးကိုနာနယ်မြေမှ စတင်လွှတ်တင်ခဲ့သည်။ သူ၏လေယာဉ်သည် ကမ္ဘာကြီးကို ၁ နာရီ ၄၈ မိနစ်ခန့်နှင့် တစ်ပတ်လည်အောင် ပျံသန်းခဲ့သော်လည်း ယင်းကို အာကာသအတွင်းသို့ ပထမဆုံးလူသားခရီးအဖြစ် သတိရကြသည်။

> **ကောလိပ်တွင် ပညာသင်ကြားနေစဉ် သူသည် မော်စကိုမြို့အနီးရှိ လေယာဉ်ပျံသန်းမှု ကလပ်အသင်း တစ်ခုတွင် ဆက်သွယ်ပါဝင်ခဲ့ပြီး သူ၏အားလပ်ချိန်တွင် လေယာဉ်ပျံသန်းရန် လေ့လာခဲ့**

ခုနှစ်နှစ်အကြာတွင် လေယာဉ်သစ်တစ်စင်းကို စမ်းသပ်နေစဉ် ဂါဂါရင်သေဆုံးခဲ့ရသည်။ သူ့ကို မော်စကိုရင်ပြင်နီရှိ ကရင်မလင် နံရံနံဘေးအနီးတွင် ဂုဏ်ပြုသည့်အနေဖြင့် မြှုပ်နှံထားခဲ့သည်။ ။



ကဗျာ

# တောင့်တစိတ်ဝယ်

❊ ‘ငါ့ဘဝသာ
အာကာကောင်းကင်၊ ဖြစ်လိုက်ချင်
တော့’တဲ့
ကြည်ပြာမိုးနု၊ တိမ်ဂွမ်းစုကို
မျှော်ရှုသက်လှယ်၊ မြင်ကာဝယ်တည့်။

❊ အကယ်၍သာ
ဆည်းဆာညိုမှိုန်၊ တိမ်ပန်းလိမ်၏
မငြိမ်မသက်၊ ရောထွေးချက်ကို
ချောညက်ပျိုလှ၊ မြင်ပါရက
တောင့်တမည်ပင်၊ ငါမထင်မိ။

❊ ‘ငါ့ဘဝသာ
အေးမြကန်သွင်၊ ဖြစ်လိုက်ချင်တော့’တဲ့
နုလှဘဖားလျား၊ ကြာငါးပါးကို
မြသားကန်လယ်၊ မြင်ခါဝယ်တည့်။

❊ အကယ်၍သာ
ယှက်ကာထွေးနှော၊ ဒိုက်သရောနှင့်
ပေါလောရွှေ့လျား၊ မှော်ပင်များကို
သက်ထားညိုမြ၊ မြင်ပါရက
တောင့်တမည်ပင်၊ ငါမထင်မိ။

❊ ‘ငါ့ဘဝသာ
မာလာဥယျာဉ်၊ ဖြစ်လိုက်ချင်တော့’တဲ့
စိုစိုနုနု၊ ပုရစ်ဖုနှင့်
ပွင့်လုပန်းနွယ်၊ မြင်ခါဝယ်တည့်။

❊ အကယ်၍သာ
ရွက်ဝါလေလှောက်၊ ကိုင်းမွဲခြောက်နှင့်
မြေအောက်ကြွေလွင့်၊ ညိုမောင်းရင့်ကို
သခင့်သက်မျှ၊ မြင်ပါရက
တောင့်တမည်ပင်၊ ငါမထင်မိ။

ငွေတာရီ

ဆရာမငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၀-၂-၂၀၂၃ ရက်မှအဆက်

ကိုအေးဆွေနှင့် ခင်သန်းငွေးတို့ စကားလက်ဆုံကျနေသောအခါ ထွေးရီသည် အနားသို့ရောက်လာ၏။ သူသည် တစ်ခါတစ်ရံ ခင်သန်းငွေးအား စူးစူးစိုက်စိုက် ကြည့်နေတတ်၏။ ခင်သန်းငွေး၏ ပြောဟန် ဆိုဟန်လေးများကို သဘောကျနေပုံပေါ်၏။ ယခုဆိုလျှင် ထွေးရီမှာလည်း ၁၂ နှစ်ကျော် ၁၃ နှစ်သမီးအရွယ်လောက်ရှိလာကာ စတုတ္ထတန်းသို့ပင် ရောက်ရှိနေပေပြီ။

ခင်သန်းငွေးပြန်သွားလျှင်ပင် ထွေးရီက စကားစလိုက်၏။

"အရင်ကများ မမငွေးဟာ ကိုရင့်ကို အဖက်မတန်သလိုပဲနော်။ ခုတော့လည်း ရွှန်းရွှန်းကိုဝေနေတာပဲ။ သလိုဆိုတော့လည်း မမငွေးက သဘောကောင်းသားနော်"

ထွေးရီသည် ကိုအေးဆွေအား ကိုရင်အဖြစ်ရှင်ပြု သင်္ကန်းဝတ်ပြီးကတည်းက ကိုရင်ဟုခေါ်နေတော့သည်။

"ဒါကတော့ဟယ် တစ်ဦးနဲ့တစ်ဦး မကင်းရာမကင်းကြောင်းပေါ့။ တစ်ချိန်တုန်းက ငါက သူ့ကိုခွေးကိုက်မယ့်ဘေးက ကယ်ခဲ့ဖူးတယ် မဟုတ်လား"

[ ၇ ]

ထိုနေ့မှာ ကိုအေးဆွေတို့ ၉ တန်း စာမေးပွဲနောက်ဆုံးဖြေရသောနေ့ ဖြစ်လေသည်။

တစ်ပတ်လုံး ဦးနှောက်ခြောက်လာရသည့် တိုင်အောင် စာမေးပွဲကို ဖြေဆိုလာရပြီးပြီဖြစ်သဖြင့် ကိုအေးဆွေသည် မောဟိုက်ပင်ပန်းစွာဖြင့် အိမ်သို့ ပြန်လာခဲ့လေသည်။ အိမ်သို့ ပြန်ရောက်သောအခါ မမျှော်လင့်သော အဖြစ်အပျက်တစ်ခုက ကိုအေးဆွေ၏ရင်ကို ဆီး၍ စုံကန်လိုက်လေသည်။

"ကိုရင် ကိုရင် ဘကြီးခလေ၊ ထန်းပင်ပေါ်က လိမ့်ကျလို့"

"ဟယ်"

ရုတ်တရက် ကြားလိုက်ရသည့် သတင်းဆိုးကြောင့် ကိုအေးဆွေ၏ပါးစပ်သည် အလိုလိုပင်ဟသွားကာ အာမေဋိတ်သံပင် ထွက်သွားတော့သည်။ ထို့နောက် တစ်ကိုယ်လုံးလည်း သွက်သွက်ခါအောင် တုန်လှုပ်ချောက်ချားသွားကာ မျက်လုံးမျက်ဆန် ပြူးပြူးပျာပျာဖြင့် ထွေးရီအားပင် အထိတ်တလန့် ကြည့်လိုက်မိသည်။ ရုတ်တရက် ဘာကိုမေးရမှန်းပင် မသိတော့ချေ။ ပြီးတော့မှသာ ချက်ချင်းသတိရလာပြီး ထွေးရီအား -

"ဘယ်၊ ဘယ်လိုဖြစ်သွားတာလဲ။ စိုးရိမ်ရသလား။ ဘယ်လိုနေသလဲ၊ ခု ဘယ်မှာလဲ" ဟု ကိုအေးဆွေက သူသိချင်သော အကြောင်းအရာများကို သိချင်ဇောဖြင့် တစ်ပြုံတစ်ခေါင်းကြီးပင် အလောသုံးဆယ် မေးပစ်လိုက်မိလေသည်။

"ထန်းပင် အလယ်လောက်က ကျသွားတာတဲ့။ ရင်းထောင်ကြိုးပြေပြီး ရင်းထောင် နောက်လန်ကျသွားရာက ဖြစ်တာလို့ ပြောတာပဲ"

"ဘယ်မှာ ခိုက်မိသွားသေးသလဲဟင်၊ မြန်မြန်ပြောစမ်းပါဟ" ဟု ကိုအေးဆွေက စိုးရိမ်တကြီးဖြင့် မေးလိုက်၏။ သူ့စိတ်ထဲတွင် သေနိုင်လောက်အောင် ဒဏ်ရာများ ရသွားမည်ကို အလွန်ပင် စိုးရိမ်သွားသည်။

"ပေါင်ကို ခိုက်မိသွားတယ်လို့ ပြောတာပဲ ကိုရင်"

"အခု ဘယ်မှာလဲ"

"ဆေးရုံကို ယူသွားကြတယ်။ အရီးလေးနဲ့ အဖေတို့ ဆေးရုံကို သွားပို့ကြတာပဲ။ တခြားလူတွေလည်း ပါသွားကြတယ်"

ထွေးရီသည် ဤသို့ ပြောဆိုပြီးနောက် သူတို့တဲဘက်သို့ ပြန်ပြေးသွားတော့သည်။

"ဒဏ်ရာ မများပါစေနဲ့၊ တကယ်လို့များ ဒဏ်ရာများသွားလို့ အဖေများသေသွားရင်တော့ ..."

ကိုအေးဆွေသည် ရှေ့သို့ဆက်၍ မစဉ်းစားဝံ့ပါတော့ချေ။

x

"ညည်းတို့ဟာက ငွေလိုချင်တာ အရင်ကို။ ဒါနဲ့နေပါဦး၊ ခုလို ကိုဖိုးခ ထန်းမတက်နိုင်ရင် ထန်းတွေကို ဘယ့်နှယ့်လုပ်မလဲ။ တို့အနေနဲ့ ထန်းတွေကိုတော့ အပျက်မခံနိုင်ဘူး။ တခြားလူကို ပြောင်းချရမလား။ အဲဒါပဲ၊ ညည်းတို့ ရှင်းရှင်းပြော"

ထန်းပိုင်ရှင် ဒေါ်လှတင်က ဒေါ်ဘုမအား ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။

"တခြားတော့ ပြောင်းမချပါနဲ့ မမရယ်။ ကျွန်မတို့ လူငှားပြီး ထန်းကို တက်ပေးပါ့မယ်" ဟု ဒေါ်ဘုမကလည်း ပျာပျာသလဲ တောင်းပန်လိုက်သည်။ ထိုနောက် ဆက်လက်ကာ "ကိုဖိုးခ ဆေးရုံတက်နေတုန်းမှာ သုံးဖို့စွဲဖို့အတွက် ငွေငါးဆယ်လောက်တော့ ချေးပါဦးမမရယ်" ဟုဒေါ်ဘုမက တောင်းတောင်းပန်ပန် ပြောဆိုနေပြန်သည်။

"ညည်းတို့ဟာက မများလွန်းဘူးလားအေ့။ တို့မှာငွေက ကောင်းကောင်းလည်တာမဟုတ်ဘူး"

"မမရယ်၊ သေရေးရှင်ရေးကိစ္စမို့ပါ။ ငါးဆယ်လောက်ရှိပါမှ သုံးလောက် စွဲလောက်မှာပါ မမရဲ့"

ထန်းပိုင်ရှင် ဒေါ်လှတင်၏ များလွန်းသည်၊ ငွေမလည်ဘူး စသောအကြောင်းပြချက်တို့ကြောင့် ဒေါ်ဘုမ၏ရင်ထဲတွင် နင့်ခနဲ ဖြစ်သွားသည်။ တကယ်တော့ သူတို့လို လူချမ်းသာများတွင် ယခုလို ငွေလေးငါးဆယ်မျိုးသည် မဖြစ်စလောက်သော ငွေစသာဖြစ်သည်ကို ဒေါ်ဘုမက ရင်တနင့်နင့်ဖြင့် တွေးလာမိသည်။

ဒေါ်လှတင်သည် ထိုင်နေရာမှ တခြားတစ်နေရာသို့ ထသွားသည်။ ဟိုဟာလုပ်သလို၊ သည်ဟာလုပ်သလိုနှင့် ဒေါ်ဘုမအား အရေးမစိုက်ဘိသကဲ့သို့ နေလေသည်။ ဒါကိုကြည့်၍ ဒေါ်ဘုမခမျာမှာ အောင့်သက်သက်ဖြင့် ခံစားနေရသည်။

အတန်ငယ်ကြာလျှင် ဒေါ်လှတင်သည် စားပွဲအံဆွဲတစ်ခုထဲမှ စက္ကူအိတ်တစ်ခုကို ထုတ်လိုက်သည်။ ထို့နောက် သူက -

"သမီးရေ၊ လာစမ်းဟေ့" ဟု လှေကားပေါ်တွင် ရပ်နေသော ခင်သန်းငွေးအား လှမ်းခေါ်လိုက်သည်။

ခင်သန်းငွေးသည် အိမ်အပေါ်ထပ်မှ ဆင်းလာပြီးနောက် လှေကားအလယ်လောက်တွင် ရပ်နေမိ၏။ သူရပ်နေသည်မှာ ယခုမှမဟုတ်၊ စောစောကတိုင်ဖြစ်၏။ သူ ဤသို့ရပ်တန့်၍ နေခြင်းမှာလည်း အောက်ထပ်ရှိ ဧည့်ခန်းတွင် အမေဖြစ်သူ ဒေါ်လှတင်နှင့် ဒေါ်ဘုမတို့၏ ပြောစကားများကို ကြားနေရသဖြင့် စိတ်ဝင်စားသွားပြီးလျှင် ဆက်လက်မဆင်းသေးဘဲ ရပ်ကာ အသာနားထောင်နေမိ၏။ ထို့ကြောင့်လည်း ဒေါ်လှတင်နှင့် ဒေါ်ဘုမတို့၏ ပြောစကားများအရ ကိုအေးဆွေတို့၏အဖေ ဦးဖိုးခ တစ်ယောက် ထန်းပင်ပေါ်မှ လိမ့်ကျကြောင်း၊ ငွေလို၍ ငွေချေးငှားနေရကြောင်း စသည်တို့ကို သိနေရသည်။

ထို့ကြောင့်လည်း ခင်သန်းငွေးသည် လူလူချင်းထားအပ်သော ကြင်နာစိတ်ကလေးဝင်လာကာ ဦးဖိုးခအတွက် အနည်းငယ်တော့ စိုးရိမ်စိတ်ဝင်သွားသည်။ "သိပ်များ ဒဏ်ရာထိခိုက်မိလို့ အခြေအနေများ အတော်ဆိုးနေသလား" ဟု တွေးတောမိရင်း ခင်သန်းငွေးသည် လှေကားပေါ်မှ ဆင်းလာခဲ့သည်။

"ဟင်၊ လှလိုက်တာ မေမေ"

ခင်သန်းငွေးသည် ဒေါ်လှတင် ထုတ်ပြလိုက်သော ကျောက်စိမ်း လက်ပတ်ကြိုးကလေးကို လှမ်းယူလိုက်ရင်း အားရဝမ်းသာဖြင့် ပြောလိုက်သည်။ ထို့နောက် လက်တွင်ပတ်ကြည့်နေသည်။

"အဲဒါ စာမေးပွဲဖြေပြီးရင် လုပ်ပေးမယ်ဆိုတဲ့ မေမေ့ကတိအတိုင်း လုပ်ပေးတာပဲ"

သူတို့ သားအမိ၏ ကြည်နူးနေပုံအဖြစ်ကို ကြည့်ကာ ဒေါ်ဘုမခမျာ မချိတင်ကဲ ဖြစ်နေရှာသည်။

လူချမ်းသာတို့မည်သည် သူတို့ရဖို့၊ ဝတ်ဖို့၊ စားရဖို့လောက်သာ ကြည့်တတ်သည်။ ဘယ်သူသေသေ ငတေမာပြီးရောဆိုသော စိတ်ထားမျိုး ရှိတတ်သည်။ ဦးဖိုးခ၏ အခြေအနေ မည်မျှအထိ ဆိုးရွားသည်ဆိုသည်ကိုပင် လုံးစေ့ပတ်စေ့ မေးမြန်းဖော်မရ။

"ထန်းတွေကိုတော့ အပျက်မခံနိုင်ဘူး။ ထန်းမတက်နိုင်လျှင် တခြားလူကို ပြောင်းချရမလား" ဟုသာ ပြောဆိုလျက် သူတို့ဖို့ တစ်ဖို့အတွက်သာ ကြည့်တတ်သည်။

ယခုတစ်ဖန် မိမိတို့ သေရေးရှင်ရေးဖြစ်သော ဦးဖိုးခတစ်ယောက် ဆေးရုံတက်ရင်း စရိတ်စကလိုသည်ကိုကား ချေးငှားနိုင်ပါလျက်နှင့် မချေးဘဲ ဈေးဆစ် ကတ်သတ်နေသည်။ သို့ရာတွင် သူတို့သားသမီးများ အပိုတမ်းလှပဖို့၊ ကြွားဝါဂုဏ်ပြိုင်ဖို့၊ အပိုတမ်းသက်သက် သုံးဖြုန်းရန်အတွက်ကိုမူ သုံးလေးရာဖိုးမျှ အကုန်အကျခံနိုင်ပါပေသည်ဟု ဒေါ်ဘုမက နာကြည်းဆွေးမြည့်စွာဖြင့် စဉ်းစားငေးမောနေမိသည်။

ရောက်နေသည်မှာ ကြာပြီဖြစ်၍ မိုးလည်း တဖြည်းဖြည်း ချုပ်လာလေပြီ။ အိမ်သို့လည်း ပြန်ချင်လှပြီ။ သို့တစေ ယခုထိ ချေးမည်၊ မချေးမည်ဟု မသိရသေး။ သူတို့အရိပ်အကဲကိုသာ ကြည့်နေရ၏။ ကြာသော် သူတို့အပြောကို မစောင့်နိုင်တော့ဘဲ ဒေါ်ဘုမက စတင်မေးမြန်းရတော့သည်။

"မမ လုပ်ပါဦး၊ ကျွန်မ ပြန်ချင်လှပြီ"

"ကဲ ကဲ ဒါဖြင့် ငွေတစ်ဆယ်ယူသွားပေါ့"

"နည်းပါတယ် မမရယ်၊ ငါးဆယ်ထိတော့ပေးပါ။ ခါတိုင်းလို ထန်းလျက်ပေးနဲ့ပဲ ချေးပါ"

ဒေါ်ဘုမသည် ဝမ်းနည်းဆို့နင့်စွာ ခံစားနေရသောအသံဖြင့် အောက်ချ၍ပြောရှာသည်။

"ပိုမပေးနိုင်ဘူး။ အဲဒါပဲ ယူချင်ရင်ယူ၊ မယူချင်ရင်နေ" ဟု ဒေါ်လှတင်က ပြတ်ပြတ်တောင်းတောင်းပင် တင်းမာစွာဆိုလိုက်၏။

ဒါကိုကြည့်၍ ခင်သန်းငွေးက အခြေအနေများကို နားလည်လာသည်။

"ဟုတ်ပါတယ် မေမေရယ်၊ ငါးဆယ် ပြည့်အောင်တော့ ပေးလိုက်ရောပေါ့။ လူမမာအတွက် ထွေရာကိစ္စဆိုသလို ကုန်ကျမှာပေါ့"

"ညည်းက ဘာသိလို့လဲ၊ တို့မှာ ပိုက်ဆံမရှိဘူးအေ့"

ဒေါ်လှတင်က ခင်သန်းငွေးအား မျက်စောင်းထိုးကာ မာန်လိုက်သည်။

"ဒီလိုဆိုရင် တခြားကလှည့်ပြီး ပေးလိုက်ပေါ့ မေမေရဲ့"

"ညည်းက တယ်ပြီးစေတနာတွေပိုနေပါလား" ဟု ဒေါ်လှတင်က ငေါ့လိုက်သည်။

"ဒီလိုပါ မေမေ၊ တကယ်တော့ ဒေါ်ဘုမနဲ့ ငွေးတို့ဟာ စီးပွားဖက်မဟုတ်လား။ တစ်ဦးဒုက္ခရောက်ရင် တစ်ဦးက ဒီလိုပဲကြည့်နေရတော့မှာလားမေမေ။ ခုလို သူတို့ဒုက္ခရောက်နေချိန်မှာ ငွေးတို့က ကူညီစောင့်ရှောက်နိုင်ပါလျက်နဲ့ စောင့်ရှောက်ခြင်းမပြုဘူးဆိုရင် စီးပွားဖက်တစ်ယောက်အနေနဲ့ ဝတ္တရားပျက်ကွက်သွားမှာပေါ့။ အမှန်အတိုင်းဆိုရင် ငွေးတို့ရဲ့ထန်းပင်တွေကိုတက်ရင်း ခုလို ဖြစ်သွားတာမို့ ငွေးတို့ကတောင် လုံးဝတာဝန်ယူရမယ့်ကိစ္စပဲ"

ခင်သန်းငွေးက သူကြားဖူးသမျှကို အရဲစွန့်၍ ပြောပြနေသည်။

ဒေါ်လှတင်သည် သမီးဖြစ်သူ ခင်သန်းငွေး၏ ကြီးကြီးကျယ်ကျယ်စကားကို ပထမတွင် ဂရုမစိုက်သလိုနားထောင်နေသော်လည်း နောက်ဆုံးစကားများကြောင့် တုန်လှုပ်သွားကာ ခင်သန်းငွေးဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

**"ကိုရင် ကိုရင်၊ ဘကြီးခလေ ထန်းပင်ပေါ်က လိမ့်ကျလို့"**

**"ဟယ်" ရုတ်တရက် ကြားလိုက်ရသည့် သတင်းဆိုးကြောင့် ကိုအေးဆွေ၏ပါးစပ်သည် အလိုလိုပင်ဟသွားကာ အာမေဋိတ်သံပင် ထွက်သွားတော့သည်။ ထို့နောက် တစ်ကိုယ်လုံးလည်း သွက်သွက်ခါအောင် တုန်လှုပ်ချောက်ချားသွားကာ မျက်လုံးမျက်ဆန် ပြူးပြူးပျာပျာဖြင့် ထွေးရီအားပင် အထိတ်တလန့် ကြည့်လိုက်မိသည်။ ရုတ်တရက် ဘာကိုမေးရမှန်းပင် မသိတော့ချေ။ ပြီးတော့မှသာ ချက်ချင်းသတိရလာပြီး ထွေးရီအား -**

**"ဘယ်၊ ဘယ်လို ဖြစ်သွားတာလဲ။ စိုးရိမ်ရသလား။ ဘယ်လိုနေသလဲ၊ ခုဘယ်မှာလဲ" ဟု ကိုအေးဆွေက သူသိချင်သော အကြောင်းအရာများကို သိချင်ဇောဖြင့် ...**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၄၄၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဖေဖော်ဝါရီ ၁၃ ရက်မှ ဖေဖော်ဝါရီ ၁၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၄၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# (၁၉)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုလေ့လာကြသူများဖြင့် စည်ကား

မန္တလေး ဖေဖော်ဝါရီ ၁၂

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ (၁၉)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲကို ယနေ့မှစတင်၍ မန္တလေးမြို့ရှိ မန္တလာသီရိ အဆင့်မြင့်အားကစားကွင်း၌ ကျင်းပရာ လာရောက်လေ့လာကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



အဆိုပါ ပြပွဲနှင့် ပြိုင်ပွဲကို မြို့တော်စိမ်းလန်းစိုပြည်သာယာလှပရေးတွင် စိတ်ပါဝင်စားကာ ပူးပေါင်းဆောင်ရွက်လာစေရန်၊ အိမ်တိုင်း စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ခြင်းဖြင့် မန္တလေးမြို့ကို ဥယျာဉ်မြို့တော်အဖြစ် တည်ဆောက်ထိန်းသိမ်းရေးတွင် အထောက်အပံ့ဖြစ်စေရန်၊ စိုက်ပျိုးနည်းပညာများ ဖလှယ်နိုင်စေပြီး မျိုးကောင်းမျိုးသန့်များ ပြန့်ပွားလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပြည်သူများအနေဖြင့် ဖေဖော်ဝါရီ ၁၃ ရက်အထိ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

အဆိုပါ ပြပွဲနှင့် ပြိုင်ပွဲတွင် ပြသထားသော ပန်းအလှပင်များနှင့် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များကို မန္တလေးမြို့နှင့် အနီးပတ်ဝန်းကျင်မှ ပန်းအလှဝါသနာရှင်များ၊ အိမ်ရှင်မများနှင့် စိတ်ဝင်စားသည့် ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြသည့်အပြင် တောင်သူများအတွက်လည်း စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်များနှင့် ပတ်သက်သည့် ဗဟုသုတများကိုလည်း ပညာရှင်များက အသိပညာပေး ဖြန့်ဝေကြသည်။

အဆိုပါ ပြပွဲ၊ ပြိုင်ပွဲကျင်းပပေးမှုနှင့် ပတ်သက်၍ မြို့တော်ဝန် ဦးကျော်ဆန်းက “ ပြိုင်ပွဲဝင်အမျိုးအစားပေါင်း ၂၃ မျိုး ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်တဲ့နေရာမှာ နီးစပ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ကနေ ပြိုင်ပွဲဝင် ၇၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ပါတယ်။ ပြခန်းပေါင်း ၁၄ ခန်း ပါဝင်ပြသထားပါတယ်။ ဆုတွေအနေနဲ့ ပထမ၊ ဒုတိယ၊ တတိယဆုနဲ့ နှစ်သိမ့်ဆု အပါအဝင် စုစုပေါင်း ၁၃၈ ဆု ပေးပါတယ်။ အဓိကအနေနဲ့ တစ်ပိုင်တစ်နိုင် ကိုယ့်အိမ်တွင်းမှာ စိုက်ပျိုးထုတ်လုပ်ပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ အသီးအနှံတွေ စားသုံးနိုင်မယ့်အပြင် ပိုလျှံရင်လည်း ရောင်းချရတဲ့အတွက် စီးပွားရေးအတွက်လည်း အထောက်အကူဖြစ်စေဖို့ ပြပွဲကို ကျင်းပခြင်းဖြစ်ပါတယ်” ဟု ပြောသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ ဒုတိယဌာနမှူး ဒေါ်မိုးမိုးသန်းက “ ပြပွဲကို လာရောက်ကြည့်ရှုခြင်းအားဖြင့် ပြည်သူလူထုအနေနဲ့ ပန်းမန်တွေရဲ့ အလှအပတွေကို ခံစားနိုင်မယ့်အပြင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတွေကို ဘယ်လိုစိုက်ပျိုးရမလဲဆိုတဲ့ နည်းစနစ်တွေကိုလည်း သက်ဆိုင်ရာစိုက်ပျိုးရေးဌာနက တာဝန်ရှိသူတွေက ပြသထားပါတယ်။ တခြားဌာနဆိုင်ရာပြခန်းတွေကို ကြည့်ခြင်းအားဖြင့်လည်း ဒီဌာနတွေရဲ့ ဆောင်ရွက်နေတဲ့လုပ်ငန်းစဉ်တွေကို သိရမှာဖြစ်ပါတယ်။ နောက်ပြီး ပြည်သူတွေကို မျိုးကောင်းမျိုးသန့်တွေ ပေးဝေနိုင်ရေးအတွက်လည်း စီစဉ်ထားပါတယ် ”ဟု ပြောသည်။

ထို့ပြင် ပြပွဲသို့ လာရောက်လေ့လာကြည့်ရှုသူများအတွက်လည်း တာဝန်ရှိသူများက အိမ်ခြံဝင်းအတွင်း စိမ်းလန်းစိုပြည်လာစေရန် ရည်ရွယ်လျက် အရိပ်ရပင် ၅၀၀၀ ကိုလည်း အခမဲ့ဝေငှခဲ့ကြသည့်အပြင် စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးမွေးမြူရေးဌာနမှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်များ၊ ဆန်နှင့် ငါးများကိုလည်း အထူးသက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်။

ပြပွဲသို့ လာရောက်လေ့လာသူ မဝင်းမာက “ ပြပွဲမှာ အသီးအနှံ၊ အသား၊ ငါးနဲ့ ဟင်းသီးဟင်းရွက်တွေရောင်းချနေတာကို တွေ့ရပါတယ်။ ပြပွဲကို စဝင်ကတည်းက သစ်ပင်ပန်းမန်တွေနဲ့ ပြည့်နှက်နေတဲ့အတွက် စိတ်အေးချမ်းမှုကို ပထမဆုံးခံစားမိပါတယ်။ ကျွန်မနှစ်သက်တဲ့ ပန်းပင်လေးတွေကိုလည်း ကြည့်ရှုခွင့်ရတဲ့အတွက် ပျော်ရွှင်မှုကို ခံစားရပါတယ်။ နောက်ပြီး အသား၊ ငါးတွေကို ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးပြီး စတုဒိသာတွေလည်း ကျွေးမွေးကြတဲ့အတွက် ဝမ်းသာမိပါတယ်။ ဒါကြောင့် လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်လိုပါတယ်” ဟု ပြောသည်။

ပြိုင်ပွဲတွင် ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ၊ အရွက်အလှပင်ပြိုင်ပွဲ၊ ပြည်တွင်းနှင့် ပြည်ပသစ်ခွပြိုင်ပွဲ၊ ရှားစောင်းပင်ပြိုင်ပွဲ၊ အသီးပါသော အလှပင်ပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက်ပြိုင်ပွဲ၊ သစ်သီးဝလံ အခိုင်လိုက်ပြိုင်ပွဲ စသည်ဖြင့် ပြိုင်ပွဲဝင်အမျိုးအစားပေါင်း ၂၃မျိုး ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆုကို ငွေကျပ် နှစ်သိန်း၊ တတိယဆု ငွေကျပ် တစ်သိန်းငါးသောင်းနှင့် နှစ်သိမ့်ဆု တစ်ဆုလျှင် ငွေကျပ် ငါးသောင်း ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

မောင်အေးချမ်း

## ခတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် ဓာတ်အားပြတ်တောက်မှုမရှိစေရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးတို့အတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ယမန်နေ့ နံနက်ပိုင်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် လျှပ်စစ်မန်နေဂျာရုံး ဝန်ထမ်းများက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၉)ရပ်ကွက် ကနောင်မင်းသားကြီးလမ်း တစ်လျှောက်ရှိ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၀၃၁

## ကျိုင်းမြို့၌ အသိပညာပေးဟောပြောပွဲများ ကျင်းပ

ကျိုင်း ဖေဖော်ဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကျိုင်းမြို့တွင် မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းကာ အနာဂတ်လူငယ်များ အသိပညာဗဟုသုတ တိုးပွားစေရန်ရည်ရွယ်ပြီး မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၈ ရက်တွင် အထက-၁ အောင်ကျော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အထက-၁ ကျောင်းအုပ်ဆရာမကြီးဒေါ်အေးအေးမော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်စိုးက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ လူကုန်ကူးမှုဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များအား ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းဟောပြော

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ သုံးစွဲလျှင်ဖြစ်ပေါ်နိုင်သော လက္ခဏာများ၊ ဒုတိယမြို့နယ်မှူး ဒုရဲမှူးစိုးငြိမ်းက ယာဉ်စည်းကမ်း လမ်းစည်းကမ်းအန္တရာယ် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြောကြားပြီး အထက-၁ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၅၀ တက်ရောက်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် အထက-၂ ကျောင်းစာသင်ခန်းမ၌ ကျင်းပသော မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုကြိုတင်ကာကွယ်ရေးဆိုင်ရာအချက်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ် လိုက်နာဆောင်ရွက်ရမည့် အချက်များအား ရှင်းလင်းပြောကြားရာ အထက-၂ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွဲ့နွဲ့ဝင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၂၀ တက်ရောက်ကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအားလုံး၏ လေးပုံတစ်ပုံသည် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်အမျိုးအစားဖြစ်



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၂**

အမေရိကန်နိုင်ငံ၌ ယခုရက်သတ္တပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအားလုံး၏ လေးပုံတစ်ပုံသည် ကူးစက်မှုမြန်ဆန်သည့် အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ်အမျိုးအစား (XBB.1.5) ကူးစက်ခံထားရသူများဖြစ်ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဆိုသည်။

XBB.1.5 ကူးစက်မှုသည် ယခင်ရက်သတ္တပတ်က ၆၅ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ရာမှ လက်ရှိတွင် ၇၄ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ BQ.1.1 ဗိုင်းရပ်စ်အမျိုးအစားသည် ၁၅ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး ရောဂါကူးစက်မှုအားလုံး၏ ဒုတိယကူးစက်မှုအများဆုံး အမျိုးအစားဖြစ်သည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၁၂ ရက်တွင် ၎င်း၏ မိခင်မျိုးကွဲ XBB ဗိုင်းရပ်စ်ကို စတင်တွေ့ရှိခဲ့ပြီး နိုင်ငံတစ်ဝန်း၌ သုည ဒသမ ၁ ရာခိုင်နှုန်းသာ ကူးစက်မှုရှိခဲ့သည်။ ထို့နောက် XBB.1.5 ဗိုင်းရပ်စ်သည် အမေရိကန်နိုင်ငံတစ်ဝန်း၌ လျင်မြန်စွာပျံ့နှံ့လာခဲ့ကြောင်း အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဆိုသည်။

လက်ရှိတွင် XBB.1.5 ဗိုင်းရပ်စ်သည် နိုင်ငံအတွင်း ကူးစက်မှုအမြင့်မားဆုံးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# သီရိလင်္ကာနိုင်ငံ ကာပီတီယာကမ်းခြေ၌ ဝေလငါး ၁၄ ကောင် သောင်တင်

**ကိုလံဘို ဖေဖော်ဝါရီ ၁၂**

သီရိလင်္ကာနိုင်ငံ အနောက်မြောက်ပိုင်း ကာပီတီယာကမ်းခြေ၌ ဝေလငါး ၁၄ ကောင် သောင်တင်ခဲ့ကြောင်း သီရိလင်္ကာနိုင်ငံ တောရိုင်းတိရစ္ဆာန်ဌာနက ပြောသည်။

သီရိလင်္ကာရေတပ်ဖွဲ့ အပါအဝင် ရဲအရာရှိများနှင့် တောရိုင်းတိရစ္ဆာန်ဌာနတို့က ဝေလငါးများကို ကယ်ဆယ်ပြီးနောက် ပင်လယ်ထဲသို့ ပြန်လည်လွှတ်ပေးခဲ့ကြောင်း တောရိုင်းတိရစ္ဆာန်ဌာနက ပြောကြားသည်။



သောင်တင်နေသော ဝေလငါးများအနက် သုံးကောင်မှာ သေဆုံးသွားကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံရှိ ကမ်းခြေများတွင် ဝေလငါးများ သောင်တင်လေ့ရှိသည်။

၂၀၂၀ ပြည့်နှစ်တွင် သီရိလင်္ကာ ကမ်းခြေတစ်ခု၌ ဝေလငါးအကောင်ရေ ၁၀၀ ကျော် အစုလိုက်အပြုံလိုက် သောင်တင်ခဲ့ပြီး ဝေလငါးသုံးကောင် သေဆုံးခဲ့ကြောင်း သိရသည်။

ဝေလငါးများသည် အဆက်အသွယ်မပြတ်စေဘဲ အစုလိုက်အပြုံလိုက် သွားလာတတ်သည့် သတ္တဝါများဖြစ်ကြောင်း အဏ္ဏဝါဇီဝဗေဒပညာရှင်များက ဆိုသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တရုတ်နိုင်ငံ၌ သန့်ရှင်းသောစွမ်းအင်စီမံကိန်းများ စတင်ဆောင်ရွက်

**ရှန်ယန်း ဖေဖော်ဝါရီ ၁၂**

တရုတ်ယွမ် ခြောက်ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၈၈၃ ဒသမ ၉ သန်းခန့်) ရင်းနှီးမြှုပ်နှံထားသည့် သန့်ရှင်းသောစွမ်းအင်စီမံကိန်းစုစုပေါင်း ၁၀ ခုကို တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း လျောင်နန်းပြည်နယ်တွင် မကြာသေးမီက တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်က ယနေ့တွင် ပြောကြားသည်။

လေအားလျှပ်စစ်စီမံကိန်းများကို ရှန်ယန်း၊ ဒါလျန်၊ ဒန်တုံ၊ ယင်ကူးနှင့် ချောင်ယန်မြို့များ၌ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါစီမံကိန်းများ အကောင်အထည်ဖော်ပြီးစီးပါက နှစ်စဉ်လျှပ်စစ်ဓာတ်အား ၂ ဒသမ ၂ ဘီလီယံ ကီလိုဝပ်ကျော် ရရှိမည်ဖြစ်ပြီး ယင်းပမာဏသည် နှစ်စဉ် အိမ်ထောင်စုနှစ်သန်း၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်စွမ်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းများသည် နှစ်စဉ် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချပေးနိုင်မည့်အပြင် စံချိန်မီကျောက်မီးသွေးတန်ချိန် ၆၇၅၇၀၀ အသုံးပြုမှုကိုလည်း သက်သာစေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းများသည် ပြည်နယ်အစိုးရနှင့် China Huaneng Group Co., Ltd တို့အကြား ပူးပေါင်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# ပီရူးနိုင်ငံတောင်ပိုင်း၌ မြေပြိုမှုကြောင့် သေဆုံးသူ ၁၈ ဦးရှိလာ

**လီမာ ဖေဖော်ဝါရီ ၁၂**

ပီရူးနိုင်ငံတောင်ပိုင်း အရီကွီပါဒေသ ကာမာနာပြည်နယ်၌ မြေပြိုမှုဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးသူ ၁၈ ဦးရှိလာကြောင်း ပီရူးနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဂျော့ချာဗက်ဇ်က ယမန်နေ့တွင် ပြောကြားသည်။

"မြေပြိုမှုဖြစ်ပွားရာ ဒေသသို့ မိမိတို့ရောက်ရှိစဉ်မှာ မြေပြိုမှုကြောင့် သေဆုံးသူ ၁၅ ဦးသာ ရှိသေးပေမဲ့ လက်ရှိအချိန်မှာတော့ သေဆုံးသူ ၁၈ ဦးရှိလာတယ်"ဟု ပီရူးနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဂျော့ချာဗက်ဇ်က Del Peru အသံလွှင့်ဌာနနှင့် တွေ့ဆုံမေးမြန်းမှုဖြေကြားရာတွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့်သီတင်းပတ်ကုန်ပိုင်းက အရီကွီပါဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် လူပေါင်း ၂၀ ပျောက်ဆုံးမှုဖြစ်ပွားခဲ့ကြောင်းလည်း ကာကွယ်ရေးဝန်ကြီး ဂျော့ချာဗက်ဇ်က ဆက်လက်ပြောကြားသည်။

မြေပြိုမှုဖြစ်ပွားရာဒေသသို့ မြို့တော်လီမာမှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးပစ္စည်း ၆၁ တန်ကျော် ပေးပို့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**



# ဂျပန်နိုင်ငံ၌ နိုင်ငံခြားသားအလုပ်သမားဦးရေ ယမန်နှစ်ကထက် ၁ ဒသမ ၈၂ သန်း စံချိန်တင်မြင့်တက်

**တိုကျို ဖေဖော်ဝါရီ ၁၂**

ဂျပန်နိုင်ငံ၌ နိုင်ငံခြားသား အလုပ်သမားဦးရေသည် ယမန်နှစ်ကထက် ၁ ဒသမ ၈၂ သန်း စံချိန်တင် မြင့်တက်လာကြောင်း သိရသည်။

ပြီးခဲ့သည့် အောက်တိုဘာလကုန်အထိ နိုင်ငံခြားသားအလုပ်သမား အရေအတွက် ၁၈၂၂၇၂၅ ဦးရှိကြောင်း ဂျပန်အလုပ်သမားဝန်ကြီးဌာနက ဆိုသည်။

**တိုးတက်လာခဲ့**

ယင်းအရေအတွက်သည် အဆိုပါနှစ်အစောပိုင်းကထက် ၉၅၅၀၄ (၅ ဒသမ ၅ ရာခိုင်နှုန်း) တိုးတက်လာခဲ့သည်။

နိုင်ငံခြားသား အလုပ်သမားဦးရေ စံချိန်တင်မြင့်တက်ခဲ့သည့် ၂၀၀၇ ခုနှစ်မှစပြီး နိုင်ငံခြားသားအလုပ်သမားဦးရေသည် ဆက်လက်မြင့်တက်လာခဲ့သည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၂၀၂၁ ခုနှစ်အတွင်း ပြန်လည်လျော့ကျလာခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းများ လျော့ကျလာသည့်အချိန်မှစပြီး နိုင်ငံခြားသား အလုပ်သမားဦးရေသည် ပြန်လည်မြင့်တက်လာခဲ့သည်။

**ထိပ်ဆုံးမှ ရပ်တည်**

နိုင်ငံအတွင်းရှိ နိုင်ငံခြားသားအလုပ်သမားများအနက် ဗီယက်နမ်အလုပ်သမား



၄၆၂၃၈၄ ဦးရှိပြီး နိုင်ငံခြားသား လုပ်သားအားလုံး၏ လေးပုံတစ်ပုံတွင်ရှိကာ ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။

တရုတ်နိုင်ငံသားဦးရေ ၃၈၅၈၄၈ ဦးရှိပြီး ဖိလစ်ပိုင်နိုင်ငံသား ၂၀၆၀၅၀ ရှိကြောင်း သိရသည်။

ထို့ပြင် နည်းပညာ သင်တန်းသားဦးရေ ၃၄၃၂၅၄ ဦးရှိသည်။ သို့သော် ၎င်းအရေအတွက်သည် ယခင်နှစ်ကထက် ၂ ဒသမ ၄ ရာခိုင်နှုန်း လျော့ကျခဲ့သည်။ ကိုရိုနာဗိုင်းရပ် တိုက်ဖျက်ရေးဆိုင်ရာ နယ်စပ်ထိန်းချုပ်မှုများကြောင့် အဆိုပါအရေအတွက်သည် နှစ်နှစ်ဆက်တိုက် လျော့ကျခဲ့ကြောင်း ဂျပန်အလုပ်သမားဝန်ကြီးဌာနက ဆိုသည်။

**ဆွေးနွေးသွားမည်**

နိုင်ငံအတွင်းရှိ နိုင်ငံခြားသားများ ဘာသာစကား သို့မဟုတ် ဓလေ့ထုံးတမ်းများ မခွဲခြားဘဲ ဂျပန်နိုင်ငံတွင် အဆင်ပြေစွာ အလုပ်လုပ်ကိုင်နိုင်စေရန်အတွက် သက်ဆိုင်ရာကုမ္ပဏီများနှင့် တိုင်ပင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

■

## သုံးလကြာတာဝန်ယူကိုင်တွယ်စေပြီး နက်သန်ဂျုံးစ်အား ဆောက်သမ်တန်က အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်

ပရီမီယာလိဂ်ကလပ် ဆောက်သမ်တန်အသင်းဟာ နည်းပြ နက်သန်ဂျုံးစ်ကို ၉၅ ရက်ကြာ တာဝန်ယူကိုင်တွယ်စေခဲ့ပြီးနောက် အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်လိုက်ပြီဖြစ်ပါတယ်။

အသက် ၄၉ နှစ်အရွယ်ရှိ လူတန်တောင်းအသင်းနည်းပြဟောင်း နက်သန်ဂျုံးစ်ဟာ ဖေဖော်ဝါရီ ၁၁ ရက် ညပိုင်းက ဝုလ်ဗာဟမ်တန်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ဆောက်သမ်တန်အသင်းကို အမှတ်ပေးဇယားအောက်ဆုံးနေရာမှာပဲ ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။

ဝေးလ်နိုင်ငံသား နည်းပြ နက်သန်ဂျုံးစ်ဟာ ဆောက်သမ်တန်အသင်းကို နိုဝင်ဘာ ၁၀ ရက်က စတင်တာဝန်ယူကိုင်တွယ်ခဲ့တာဖြစ်ပြီး ပွဲစဉ် ၁၄ ပွဲမှာ ကိုးပွဲအထိ ရှုံးပွဲကြုံတွေ့ခဲ့ရတဲ့ နည်းပြတစ်ဦးဖြစ်ပါတယ်။

နည်းပြနက်သန်ဂျုံးစ်ဟာ ပရီမီယာလိဂ်ပွဲစဉ်ကိုးပွဲမှာ ရှစ်ပွဲအထိ ရှုံးပွဲကြုံခဲ့ပြီး အိမ်ကွင်းစိန့်မေရီမှာ အိမ်ကွင်းလေးပွဲဆက်တိုက်ရှုံးပွဲကြုံတွေ့ခဲ့ရသူဖြစ်ပါတယ်။ အဲဒီလိုရလဒ်ပိုင်းတွေ ဆိုးရွားမှုဖြစ်ပေါ်ခဲ့တာကြောင့် ဆောက်သမ်တန်အသင်းက နည်းပြနက်သန်ဂျုံးစ်ကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့တာဖြစ်ပါတယ်။





## ရီးယဲလ်မက်ဒရစ်အသင်း ကလပ်အသင်းများကမ္ဘာ့ဖလား ငါးကြိမ်မြောက် ဆွတ်ခူး

ရီးယဲလ်မက်ဒရစ် အသင်းဟာ ဖေဖော်ဝါရီ ၁၁ ရက် ညပိုင်းက ဆော်ဒီအာရေဗျကလပ် အယ်လ်ဟီလာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဖီဖာကလပ်အသင်းများ ကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ငါးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အဲဒီဆုဖလားကို ငါးကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

အယ်လ်ဟီလာအသင်းနဲ့ ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးငါးဂိုးကို ပွဲကစားချိန် ၁၃ မိနစ်နဲ့ ၆၉ မိနစ်တို့မှာ ဗီနီစီးယပ်ဂျူနီယာက နှစ်ဂိုး၊ ၁၈ မိနစ်နဲ့ ၅၈ မိနစ်တို့မှာ ဗယ်လ်ဗာဒီက နှစ်ဂိုး၊ ၅၄ မိနစ်မှာ ဘင်ဇီမာက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အယ်လ်ဟီလာအသင်းအတွက် ချေပဂိုးတွေကိုတော့ ၂၆ မိနစ်မှာ မာရီဂါက တစ်ဂိုး၊ ၆၃ မိနစ်နဲ့ ၇၉ မိနစ်တို့မှာ ဗီယက်တိုက နှစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ဖီဖာကလပ်အသင်းများ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကို ငါးကြိမ်အထိ တက်လှမ်းခွင့်ရရှိခဲ့ပြီး ငါးကြိမ်စလုံးမှာ ချန်ပီယံအသင်းအဖြစ် အောင်ပွဲခံနိုင်ခဲ့တာဖြစ်ပါတယ်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဟာ ကလပ်အသင်းများ ကမ္ဘာ့ဖလားပြိုင်ပွဲကို ၂၀၂၅ ခုနှစ် ဇွန်လမှစတင်ကာ အသင်းပေါင်း ၃၂ သင်းအထိ တိုးမြှင့်ကာ လေးနှစ်တစ်ကြိမ်ကျင်းပသွားဖို့ စီစဉ်လျက်ရှိတယ်လို့လည်း သိရပါတယ်။ ■

## ၂၀၂၂ ခုနှစ်ရဲ့ ဖီဖာအကောင်းဆုံးကစားသမားဆု ဘယ်ကစားသမား ဆွတ်ခူးနိုင်မလဲ

ပီအက်စ်ဂျီအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ်မက်ဆီ၊ ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီနဲ့ ရီးယဲလ်မက်ဒရစ်အသင်းမှ ပြင်သစ်တိုက်စစ်မှူး ဘင်ဇီမာတို့ဟာ ၂၀၂၂ ခုနှစ်ရဲ့ ဖီဖာအကောင်းဆုံးကစားသမားဆုအတွက် နောက်ဆုံးဆန်ခါတင်အမည်စာရင်းတင်သွင်းခံခဲ့ရတယ်လို့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ကြေညာခဲ့ပြီဖြစ်ပါတယ်။

တိုက်စစ်မှူး မက်ဆီဟာ ပြီးခဲ့တဲ့နှစ်အတွင်းက အာဂျင်တီးနားအသင်းကို ကမ္ဘာ့ဖလားချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပြီး အဲဒီကာတာကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အာဂျင်တီးနားအသင်းက ပြင်သစ်အသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် တိုက်စစ်မှူးမက်ဆီဟာ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ရွှေဘောလုံးဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး တိုက်စစ်မှူး အမ်ဘတ်ပီကတော့ အဲဒီပြိုင်ပွဲမှာ သွင်းဂိုးရှစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ရွှေဖိနပ်ဆုကို ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။



တိုက်စစ်မှူး ဘင်ဇီမာကတော့ ပြီးခဲ့တဲ့နှစ်အတွင်းက ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားနဲ့ လာလီဂါဖလားတို့ ရယူဆွတ်ခူးနိုင်ခဲ့တာကြောင့် ဘလွန်းဒီအောဆုကို ရယူဆွတ်ခူးနိုင်ခဲ့ပြီး ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ဒဏ်ရာပြဿနာကြောင့် ပြင်သစ်အသင်းနဲ့အတူ ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိဘဲ လွဲချော်ခဲ့ရတာဖြစ်ပါတယ်။

ဖီဖာရဲ့ အကောင်းဆုံးအမျိုးသမီးကစားသမားဆုအတွက်ကိုမူ စပိန်အမျိုးသမီးကစားသမား ပူတဲလက်စ်၊ အင်္ဂလန်အမျိုးသမီးအသင်းမှ တိုက်စစ်မှူး ဘက်မက်ဒ်နဲ့ အမေရိကန်အမျိုးသမီးအသင်းမှ အဲလက်မော်ဂန်တို့ အမည်စာရင်းတင်သွင်းခံခဲ့ရတာဖြစ်ပါတယ်။

၂၀၂၂ ခုနှစ်ရဲ့ အကောင်းဆုံးအမျိုးသားကစားသမားဆု၊ အကောင်းဆုံးအမျိုးသမီးကစားသမားဆု၊ အကောင်းဆုံးအမျိုးသားနည်းပြဆု၊ အကောင်းဆုံးအမျိုးသမီးနည်းပြဆု၊ အကောင်းဆုံးအမျိုးသားဂိုးသမားဆုနဲ့ အမျိုးသမီးဂိုးသမားဆုတို့ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှာ ပေးအပ်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

ဒါကြောင့် ဖေဖော်ဝါရီ ၂၇ ရက်မှာ တိုက်စစ်မှူး လီယွန်နယ်မက်ဆီ၊ တိုက်စစ်မှူး အမ်ဘတ်ပီနဲ့ တိုက်စစ်မှူး ဘင်ဇီမာတို့သုံးဦးထဲက ၂၀၂၂ ခုနှစ်ရဲ့ ဖီဖာအကောင်းဆုံးကစားသမားဆုကို ဘယ်ကစားသမား ဆွတ်ခူးရရှိသွားမလဲဆိုတာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**



## ချယ်လ်ဆီးနောက်ခံလူ သီယာဂိုဆေးလ်ဗား စာချုပ်သစ်ချုပ်ဆို

ချယ်လ်ဆီးနောက်တန်းကစားသမား သီယာဂိုဆေးလ်ဗားဟာ ၂၀၂၄ ခုနှစ် နွေရာသီကာလအထိ စတမ်းဖို့ဒ်ဘရစ်ချ်မှာဆက်ရှိနေမယ့် တစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ကို ထပ်တိုးချုပ်ဆိုလိုက်ပြီ ဖြစ်ပါတယ်။

အသက် ၃၈ နှစ်အရွယ်ရှိ သီယာဂိုဆေးလ်ဗားဟာ ၂၀၂၀ ပြည့်နှစ်အတွင်းက ပီအက်စ်ဂျီအသင်းကနေ ချယ်လ်ဆီးအသင်းဆီ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ချယ်လ်ဆီးကစားသမားဘဝ ပထမဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဖလားကို ရယူပေးနိုင်ခဲ့ပါတယ်။

သီယာဂိုဆေးလ်ဗားဟာ ချယ်လ်ဆီးအသင်းအတွက် ပြိုင်ပွဲအရပ်ရပ်မှာ ၁၀၆ ပွဲပါဝင်ကစားပေးထားပြီး အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲနှစ်ကြိမ်နဲ့ အီးအက်ဖ်အယ်လ်ဖလားနောက်ဆုံးဗိုလ်လုပွဲ တစ်ကြိမ် တက်လှမ်းခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။

သီယာဂိုဆေးလ်ဗားဟာ ဘရာဇီးနိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ နိုင်ငံတကာပွဲစဉ် ၁၁၃ ပွဲပါဝင်ကစားပေးခဲ့ပြီး ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလအတွင်းက ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဘရာဇီးအသင်းကို ကွာတားဖိုင်နယ်တက်လှမ်းအောင် စွမ်းဆောင်ပေးခဲ့ကာ အဲဒီကွာတားဖိုင်နယ်အဆင့်မှာ ဘရာဇီးအသင်းက ခရိုအေးရှားအသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

